# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (1-4-2015) (၈၁၆၂)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)



❝ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်တင်မကပါဘူး၊ အလင်းတန်းတွေ ပေါ်လာပြီဖြစ်တယ်လို့ ကျွန်တော်တို့ ပြောလို့ရပါပြီ ❞

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

စာမျက်နှာ - ၈

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

စာမျက်နှာ - ၉

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း(Final Draft)ကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်

စာမျက်နှာ - ၉

# ငြိမ်းချမ်းရေးတံခါးပွင့်ပြီ



ဓာတ်ပုံ - သတင်းစဉ်

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း အတည်ပြုချက်လက်မှတ်ရေးထိုး

စာမျက်နှာ - ၃

ကြေးမုံစာတည်းရှုထောင့် ၁-၄-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ငြိမ်းချမ်းရေးမော်ကွန်းသမိုင်းမှတ်တိုင်သစ်

တစ်နိုင်ငံလုံးမျှော်လင့်တောင့်တနေသော ငြိမ်းချမ်းရေးမျှော်လင့်ချက်ရောင်ခြည်သည် ယနေ့လင်းလက်တောက်ပလာချေပြီ။ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တွင် တိုင်းရင်းသားပြည်သူအားလုံး တောင်ပေါ်မြေပြန့်မကွဲပြားဘဲ တစ်သားတည်းအေးချမ်းပျော်ရွှင်စွာဖြင့် ရပ်တည်နေထိုင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ မတ် ၃၁ ရက်တွင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပခဲ့ရာ မတ် ၃၀ ရက်တွင် စာချုပ်ပါအချက်အားလုံးကို သဘောတူညီမှုရရှိခဲ့ပြီး မတ် ၃၁ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ငြိမ်းချမ်းရေးဖော်ဆောင်မှု သမိုင်းကြောင်းကိုပြန်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးက ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအား လမ်းညွှန်ချပြခဲ့ပြီးနောက် ပြည်သူများအတွက် ပြုပြင်ပြောင်းလဲရေးတံခါးဖွင့်ရန် အစပြုလာခဲ့သည်။ ထိုကာလမှစ၍ ငြိမ်းချမ်းရေးမူကြမ်းများအား အကြိမ်ကြိမ်အခါခါဆွေးနွေးခဲ့ရပြီး ယနေ့ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် အောင်မြင်မှုရရှိခဲ့သည်။ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောတူညီမှုရရှိခဲ့ခြင်းသည် နိုင်ငံတော်သမ္မတကြီးက ပြည်သူများအတွက် ဖွင့်လှစ်ပေးခဲ့သော ငြိမ်းချမ်းရေးမော်ကွန်းသမိုင်းမှတ်တိုင်သစ်ဟု ဆိုရမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ရှေ့မှောက်တွင် တညီတညွတ်တည်း လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် ငြိမ်းချမ်းရေးမှတ်တိုင်သစ်ကို စိုက်ထူပြလိုက်သည်။ အရှေ့ကထွက်သောနေဝန်းကြီး၏ လင်းလက်သောရောင်ခြည်ကဲ့သို့ ငြိမ်းချမ်းရေးအလင်းရောင်သည် စတင်ထွက်ပြူလာခဲ့ပြီ။ စည်းလုံးညီညွတ်သော၊ ငြိမ်းချမ်းသာယာသော၊ မျှော်လင့်ချက်ကြီးမားသော နိုင်ငံတော်သည် ကျက်သရေမင်္ဂလာအဖြာဖြာ ဝေဆာလာသည်။

ငြိမ်းချမ်းရေးသည် ပြည်သူများ၏မျှော်လင့်ချက်၊ ပြည်သူများ၏လိုလားချက်၊ ပြည်သူများ၏ဆန္ဒဖြစ်သည်။ မျှော်လင့်ချက်နှင့်စောင့်စားနေသည့် ပြည်သူများအတွက် ငြိမ်းချမ်းရေးရရှိရန် ဆောင်ကြဉ်းပေးမည့်၊ ငြိမ်းချမ်းရေးတံခါးဖွင့်မည့်၊ ငြိမ်းချမ်းရေးသူရဲကောင်းများ ပေါ်ထွန်းလာပြီ၊ ငြိမ်းချမ်းရေးဥယျာဉ်ကြီးကို ပျိုးထောင်ပေးမည့်သူများ စုဝေးကြပြီ။ ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများအဆင့်ဆင့်သို့ တက်လှမ်းကာ လွှတ်တော်လုပ်ငန်းစဉ်များထိတိုင် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများမျှော်လင့်နေသော ထာဝရငြိမ်းချမ်းရေးအတွက် ခိုင်မာသော ကမ္ပည်းမော်ကွန်းကို ရေးထိုးကြမည်ဖြစ်သည်။

အပျော်အပြုံးနှင့် ဝမ်းမြောက်ခြင်းများက ပြည်သူအားလုံး၏ နှလုံးသားတွင် တည်ရှိလာသည်။ မညီညွတ်ပါဟုဆိုခဲ့ခြင်းကို ညီညွတ်ခြင်းဟူသည့် လက်မှတ်ရေးထိုးခြင်းဖြင့် ပြသနိုင်ခဲ့သည်။ ဆိုရပါလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သောအောင်မြင်မှု(တစ်နည်း) စည်းလုံးညီညွတ်မှုကိုပြသသော“ဒုတိယပင်လုံ”အောင်ပွဲဟုဆိုရမည်ဖြစ်သည်။

လူသာခု၊ နတ်သာခု ခေါ်ဆိုနိုင်လောက်သည့် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော ဤငြိမ်းချမ်းရေးအောင်မြင်မှု သမိုင်းမှတ်တိုင်သစ်မှသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးနှင့် ငြိမ်းချမ်းရေးခေါင်းဆောင်များ အတူပူးပေါင်းလက်တွဲကာ ထာဝရငြိမ်းချမ်းရေးရသည်အထိ ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## တရားရုံး သတင်းပြန်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ - တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးစီမံကိန်း (USAID-PRLP) တို့ ပူးပေါင်း စီစဉ်မှုဖြင့် “တရားရုံးသတင်းပြန်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ” (Judicial Public Information Workshops) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအစည်းအဝေးခန်းမ နေပြည်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေးက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် “တရားရုံးသတင်းပြန်ကြားရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ”သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သတင်းပြန်ကြားရေးလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ပထမဦးဆုံးသော ဆွေးနွေးပွဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရားရုံးယန္တရားနှင့် တရားစီရင်ရေးလုပ်ငန်းများသည် အတတ်နိုင်ဆုံး ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပြီး အများပြည်သူ သိရှိလိုသည့်အချက်များကို သတင်းထုတ်ပြန်ပေးရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် တရားရုံးအဆင့်ဆင့်တွင် အများပြည်သူ သတင်းပြန်ကြားရေးဆိုင်ရာကောင်တာများ၊ သတင်းပြန်ကြားရေးအရာရှိများ ထားရှိကာ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားရုံးများရှိ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများမှတစ်ဆင့် မီဒီယာနှင့် အများပြည်သူသို့ပြောဆိုဆက်ဆံမှု တိုးတက်လာစေရန် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမေရိကန်ပြည်ထောင်စု Minnesota Judicial Branch ၏ Communication Director Mr. John Kostouros နှင့် Superior Court of California ၏ Communications and Public Affairs Analyst Ms. Sarah Vance Guenther တို့က တရားရုံးသတင်းပြန်ကြားရေးဌာန၏ တာဝန်များ၊ တရားရုံးနှင့် မီဒီယာများအကြား ဆက်ဆံရေးနည်းလမ်းများ၊ တရားရုံးအသုံးပြုသူများကို စစ်တမ်းကောက်ယူခြင်းလုပ်ငန်း၊ ပြည်သူအသိပညာပေးလုပ်ငန်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းကျွမ်းကျင်မှုများ၊ တရားရုံး၏ သတင်းအချက်အလက်ပေးသည့် ကောင်တာလုပ်ငန်းလမ်းညွှန်များကို ဆွေးနွေးသည်။

ထို့နောက် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် ခန့်အပ်တာဝန်ပေးထားသော သတင်းပြန်ကြားရေးအရာရှိ (Public Information Officer) များ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများတွင် ခန့်အပ်တာဝန်ပေးထားသော တရားရုံးသတင်းပြန်ကြားရေးအရာရှိ (Court Information Officer) များ စုစုပေါင်း ၆၃ ဦးတို့ တက်ရောက်ကြပြီး ဧပြီ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် တရားရုံးအဆင့်ဆင့်၏ သတင်းပြန်ကြားရေး တာဝန်ထမ်းဆောင်မည့် တရားရေးအရာရှိများနှင့် တရားသူကြီးများကို လေ့ကျင့်သင်ကြားပေးရန်အတွက် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် သုံးရက်ကြာ အလုပ်ရုံဆွေးနွေးပွဲများကို စုစုပေါင်း ခြောက်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၃၁**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ဆဋ္ဌမနေ့ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၄၁၇၀ ပါးအနက် ၈၃၀၅ ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၆၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၃၁**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၀၅၀၀ | - | ၆၈၁၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၀၅၀၀ | - | ၆၈၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၁၂.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅.၄၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁.၅၄၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၇၆.၆၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၄၂၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၅.၀၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂.၆၃၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၇၈၆.၇၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၆.၄၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

## (၆၉)နှစ်မြောက်
## မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

၁-၄-၂၀၁၅ ရက်တွင် ကျရောက်သော ဗိုလ်မှူးချုပ်တင်ဦး (ငြိမ်း) မော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)နှင့် ဒေါ်ကြည်ကြည်ဦးတို့၏ (၆၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ သက်ရှည်၊ ကျန်းမာ၊ ပျော်ရွှင်စွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သား၊ သမီး**
**မြေးမြစ်များ**

## မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ပေးမည့်အခြေအနေ

သင်္ကြန်ကာလ အစိုးရရုံးပိတ်ရက်များအတွင်း သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနမှ အောက်ပါအတိုင်း သတင်းထုတ်ပြန်လိုက်သည်-

၁။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများကို ရုံးချုပ်၊ ဆိပ်ကမ်း၊ လေဆိပ်ကုန်လှောင်ရုံ၊ စက်လှေဆိပ်ကမ်းများတွင် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ ၁၂ ရက်၊ ၂၀ ရက်၊ ၂၁ ရက်များ၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လေကြောင်း Export လုပ်ငန်းအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ငွေပေးသွင်းမှုအနေဖြင့် Payment Order ကိုသာ လက်ခံမည်ဖြစ်၍ Deposit ကို လုံလုံလောက်လောက် ပေးသွင်းထားရမည်ဖြစ်သည်။

၄။ သင်္ကြန်ကာလရုံးပိတ်ရက်များတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးမည့် သတ်မှတ်ရက်များနှင့် အခြားရက်များတွင် အရေးကြီးတင်သွင်း/တင်ပို့လိုပါက အကောက်ခွန်ဦးစီးဌာနသို့ ၁၀-၄-၂၀၁၅ ရက် နောက်ဆုံးထား၍ ဌာနဆိုင်ရာ/ကုမ္ပဏီ၏ Letter head နှင့်အတူ အချိန်မီ လျှောက်ထားရမည်ဖြစ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း အတည်ပြုချက်လက်မှတ်ရေးထိုး



**နေပြည်တော် မတ် ၃၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီ ၁၀မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အားလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အောက်ပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတက ပြောကြားရာတွင် ယခုကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များနှင့် စုံလင်စွာ တွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ပို၍ဝမ်းသာဖွယ်ရာကောင်းသည်မှာ ယမန်နေ့ည MRTV သတင်းတွင် ပြောကြားခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်များ၏ ဝမ်းသာဖွယ်ရာ ရင်တွင်းစကားများကို ကြားရသည့်အတွက်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူများ၏ လိုလားချက်၊ ဆန္ဒနှင့်မျှော်လင့်ချက်ပင်ဖြစ်ပါကြောင်း၊ မျှော်လင့်ချက်များနှင့် စောင့်စားနေကြသည့် ပြည်သူများအတွက် ငြိမ်းချမ်းရေးရရှိနိုင်ရန် ဆောင်ကြဉ်းပေးနိုင်သူများသည် ကျွန်တော်တို့အားလုံးပင် ဖြစ်ပါကြောင်း။

NCA စာချုပ်မူကြမ်းအား အကြိမ်ကြိမ်အခါခါ ဆွေးနွေးခဲ့ရပြီး ယမန်နေ့က သဘောတူညီချက်ရရှိပြီးဖြစ်ကြောင်းနှင့် ယခုလက်မှတ်ထိုးနိုင်ကြပြီဖြစ်ပါကြောင်း၊ ယခုသဘောတူညီချက်သည် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုဧပြီလအတွင်း NCA လက်မှတ်ရေးထိုးနိုင်ရေး ကျွန်တော်တို့ သေချာစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း။

NCA လက်မှတ်ရေးထိုးပြီးသည်နှင့် Political Dialogue အတွက် တံခါးပေါက် ပွင့်သွားပြီဖြစ်ပါကြောင်း၊ ကြားကာလအတွင်း တွေ့ကြုံရမည့် အခက်အခဲနှင့်ပြဿနာများကို နှစ်ဖက်ညှိနှိုင်းကျော်လွှားသွားကြရမည်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အားလုံးသည် မြန်မာငြိမ်းချမ်းရေး၏ သမိုင်းကို ဖန်တီးဖော်ဆောင်ပေးသူများဖြစ်သည့်အပြင် တည်ဆောက်ပေးသူများအဖြစ်လည်း မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ကျန်ရှိခဲ့မည့်သူများဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်ချက်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့်အောင်မြင်မှု၊ တစ်နည်းအားဖြင့် "ဒုတိယပင်လုံ၏အောင်ပွဲ"အဖြစ် ပြောစမှတ်ပြုကြမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)မှ ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်တို့နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)မှ ဦးနိုင်ဟံသာ၊ ပဒိုစောကွယ်ထူးဝင်း၊ ဗိုလ်ချုပ်ဂွမ်မော်၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဗိုလ်မှူးကြီးခွန်ဥက္ကာတို့က လက်မှတ်ရေးထိုးကြပြီး **(အပေါ်ပုံ)** အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးနိုင်ဟံသာတို့က အပြန်အလှန်လဲလှယ်ကြပြီး အခမ်းအနားကို ရပ်နားလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ(UPWC)၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့မှ အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ခင်မင်ရင်းနှီးစွာ နေ့လယ်စာအတူတကွ သုံးဆောင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**



❖ **ကျောဖုံးမှ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့အား နမ့်ငွမ်း(၁)ရေအားလျှပ်စစ်စက်ရုံတွင် လာအိုနိုင်ငံစွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန စွမ်းအင်မူဝါဒနှင့် စီမံကိန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Khamso Kouphokham က လာအိုနိုင်ငံ၏ စွမ်းအင်အခြေအနေနှင့်ပတ်သက်၍လည်းကောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုမြှင့်တင်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Anousak PHONGSAVATH က လာအိုတစ်နိုင်ငံလုံး ၁၅ နှစ်အတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ Sunlabob Renewable Energy ကုမ္ပဏီမှ CEO Andy Schroeler က နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လာအိုနိုင်ငံ၏ ကျေးလက်ဒေသ ရေရရှိရေးဆောင်ရွက်နေမှုကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြပြီး ဒုတိယသမ္မတက အဆိုပါရှင်းလင်းချက်များအပေါ် ပြန်လည်သုံးသပ်မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ပြီး ဗီယင်ကျန်းပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ နမ့်ငွမ်း(၁)ရေအားလျှပ်စစ်စက်ရုံအတွင်းရှိ ရေအားလျှပ်စစ်ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာသည်။

ထို့နောက် နမ့်ငွမ်း ဆည်ရေလှောင်ကန်အတွင်း ခရီးသွားလာမှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာပြီးနောက် ဗီယင်ကျန်းပြည်နယ် အုပ်ချုပ်ရေးမှူးက ရေယာဉ်ပေါ်တွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

လာအိုနိုင်ငံ၏ လျှပ်စစ်မီးရရှိမှုအခြေအနေသည် ၁၉၉၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ အိမ်ထောင်စုပေါင်း ၁၉ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် အိမ်ထောင်စုပေါင်း၏ ၈၈ ရာခိုင်နှုန်းအထိ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လာအိုနိုင်ငံ၏ လူတစ်ဦးချင်းလျှပ်စစ်သုံးစွဲမှုမှာ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှတိုးတက်မှု ၁၀ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး ယခုလက်ရှိတွင် ကီလိုဝပ်နာရီ ၄၇၀ ရှိကြောင်း၊ နိုင်ငံ၏ ပို့ကုန်ဝင်ငွေစုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အားကို ပြည်ပသို့ တင်ပို့ရောင်းချမှုမှ ရရှိနေကြောင်းနှင့် ၂၀၂၀ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု၌ လျှပ်စစ်ကဏ္ဍ၏ ပါဝင်မှုကို ၁၆ ရာခိုင်နှုန်းအထိ တိုးတက်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လျှပ်စစ်ထုတ်လုပ်ရန် စက်တပ်ဆင်မှုစွမ်းအား ၃၃၂၉ မဂ္ဂါဝပ်ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၉၅၁၄ မဂ္ဂါဝပ်အထိ တိုးတက်အောင် ရေအားလျှပ်စစ်ကို အဓိကထား၍ဆောင်ရွက်ကာ ထွက်ရှိလာမည့် လျှပ်စစ်မှ ၈၅ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ရောင်းချသွားရန် စီမံထားကြောင်း၊ နမ့်ငွန်မြစ်ပေါ်တွင် ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စက်ရုံစီမံကိန်း ငါးခုအနက် ယခုနမ့်ငွမ်းစက်ရုံမှာ တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးတို့သည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်၍ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လောက်ကိုင်ဒေသတိုက်ပွဲများတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအား တွေ့ဆုံအားပေး

**ပြင်ဦးလွင် မတ် ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။



ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်တပ်နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) ဧည့်ခန်းမတွင် ဆေးရုံတပ်မှူးနှင့် ဆရာဝန်၊ သူနာပြုများအား တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တပ်မတော်အနေဖြင့် နိုင်ငံတော်၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဆောင်ရွက်နေသည့် တပ်မတော်ဖြစ်၍ နိုင်ငံသားများနည်းတူ လွှတ်တော်ကလည်း လေးစားဂုဏ်ယူလျက်ရှိပါကြောင်း၊ ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် အသက်ကို မငဲ့ကွက်ဘဲ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိကြသော တပ်မတော်သားများကို ပြည်သူများက ချစ်ခင်လေးစားပြီး ဂုဏ်ယူလျက်ရှိပါကြောင်း၊ အများအကျိုးအတွက်၊ တိုင်းပြည်အတွက် တပ်မတော်၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါကြောင်း။

ယနေ့လာရောက်ရခြင်းမှာ ပြည်သူများ၏ကိုယ်စား လွှတ်တော်က ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့တွင် တိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ မည်သည့်ပါတီပင်ဖြစ်စေ တပ်မတော်အပေါ် လေးစားချစ်ခင်ယုံကြည်လျက်ရှိပါကြောင်း၊ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိရာ တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်မှသာ နယ်မြေအေးချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ခိုင်မာစွာ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဒုတိယဥက္ကဋ္ဌ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုတို့က လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား တပ်မတော်သားများ၏ ရဲဝံ့စွန့်စားဆောင်ရွက်မှုတို့ကို ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လတ်တလောကာလအတွင်း လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်အတွက် သက်စွန့်ဆံဖျား တိုက်ပွဲဝင်ကြရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သား အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းစီ တွေ့ဆုံအားပေးကာ **(အပေါ်ပုံ)** ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

# မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ရှည်လျားကောင်းမွန်သော ဆက်ဆံရေးရှိ

**နေပြည်တော် မတ် ၃၁**

မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးသည် ရှည်လျားကောင်းမွန်သော ဆက်ဆံရေးရှိပါကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစတင်၍ ခေါင်းဆောင်များ တည်ဆောက်ခဲ့သော ကောင်းမွန်သည့် မိတ်ဆွေနိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း၍ ပိုမိုအရှိန်မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ပါကစ္စတန် ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူဟာမက်ဇာကော်လာအဲန်အိုင်အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။**(အပေါ်ယာပုံ)**



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ပါကစ္စတန်ရေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Ehsan Ullah Baath၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပါကစ္စတန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအပေါ် အလေးအနက်ထားမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လိုသော သဘောထားအပေါ် ကြိုဆိုဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် အာဆီယံအကြား ဆက်စပ်ပေါင်းကူးပေးသော နိုင်ငံဖြစ်၍ ပါကစ္စတန်နှင့် အာဆီယံအကြား ပိုမိုချစ်ကြည်ပူးပေါင်းဆောင်ရွက်နိုင်ရေး ထောက်ခံကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း၊ မြန်မာ-ပါကစ္စတန် သာမက ပါကစ္စတန်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ရေတပ်ပိုင်းဆိုင်ရာတွင်သာမက အခြားသော ကဏ္ဍများနှင့် တစ်ကမ္ဘာလုံးအပေါ် ခြိမ်းခြောက်နေသော အကြမ်းဖက်နှိမ်နင်းရေးကဏ္ဍများတွင် အတွေ့အကြုံများ ဖလှယ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဧည့်သည်တော်က မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးမှာ နက်ရှိုင်းစွာကောင်းမွန်သည့်အပြင် ပါကစ္စတန်နိုင်ငံတွင် ပထမဆုံးခန့်အပ်သည့် သံအမတ်ကြီးမှာလည်း မြန်မာနိုင်ငံ သံအမတ်ကြီးပင်ဖြစ်ပါကြောင်း၊ ပါကစ္စတန်နိုင်ငံ လွတ်လပ်ရေးရပြီးစ နိုင်ငံတည်ငြိမ်မှုတည်ဆောက်ချိန် မြန်မာနိုင်ငံ၏ ထောက်ခံကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပါကစ္စတန်နိုင်ငံအား အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ထောက်ခံအားပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား သာမက နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးတို့တွင် အကန့်အသတ်မရှိ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော်(ရေ)အကြား ဆက်ဆံရေးအပြင် တပ်မတော် (ကြည်း၊လေ)ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးနှင့် သင်တန်းများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပါကစ္စတန် ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူဟာမက်ဇာကော်လာအဲန်အိုင်သည် ပါကစ္စတန်ရေတပ်အကယ်ဒမီကျောင်းမှ အကောင်းဆုံးကျောင်းသားဆုဖြင့် သင်တန်းဆင်းခဲ့သူဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ပါကစ္စတန်ရေတပ်၏ (၂၀) ဦးမြောက် ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရသူဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

○ **မဟာရန်ကုန်မှ**

ယခင်နှစ်က ရေကစားမဏ္ဍပ် လျှောက်ထားသူ ၁၂၀ ခန့် လျှောက်ထားခဲ့ရာ သက်ဆိုင်ရာကခွင့်ပြုမဏ္ဍပ်အကြီး ၄၄ လုံးနှင့် အလတ် ၁၄ လုံးတို့ကို ခွင့်ပြုခဲ့ပြီး ယခုနှစ်မဏ္ဍပ် လျှောက်ထားသူ ၂၀၄ ဦးရှိပြီး စည်းကမ်းနှင့်အညီ ခွင့်ပြုနိုင်သောမဏ္ဍပ် ၄၁ လုံးကို ခွင့်ပြုပေးခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။ မဏ္ဍပ် အာမခံကြေးနှင့် ပတ်သက်၍ ယခင်နှစ်က ပေ ၁၀၀ မှ ပေ ၁၂၀ ရှိသောမဏ္ဍပ်တစ်လုံးတွင် မဏ္ဍပ်အာမခံကြေး ၇၅ သိန်းပေးသွင်းရာမှ ယခုနှစ်တွင် ကျပ်သိန်း ၁၀၀ သတ်မှတ်ထားကြောင်းလည်း သိရသည်။ မဏ္ဍပ်တည်ဆောက်ခွင့် လျှောက်ထားစဉ် သတ်မှတ်ပေထက်ကျော်လွန် တည်ဆောက်သောမဏ္ဍပ်များကို တစ်ပေကျော်လွန်ပါက ဒဏ်ကြေး ၁၀ သိန်းပေးဆောင်ရမည်ဖြစ်ပြီး သင်္ကြန်ကာလအပြီး ငါးရက်အတွင်း မဏ္ဍပ်ဖျက်သိမ်းခြင်းမရှိပါက မဏ္ဍပ်ကြီးအတွက် သိန်း ၁၀၀နှင့် မဏ္ဍပ်အလတ်အတွက် သိန်း ၅၀ တို့ကို မဏ္ဍပ်အာမခံကြေး စပေါ်ငွေဒဏ်ကြေးအဖြစ် ပေးဆောင်သွားရမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာန စည်းကမ်းချက်များအရ သိရသည်။ ပေ ၅၀ အောက် မဏ္ဍပ်များကို မြို့နယ်အာဏာပိုင်ခွင့်ပြုချက်ဖြင့် ခွင့်ပြုသွားမည်ဖြစ်သည်။ **(စောသိန်းဝင်း)**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးတို့ ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာဖြေသံဃာတော်များကို ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၃၁**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ဆဋ္ဌမနေ့အဖြစ် ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေသံဃာတော်၊ သီလရှင် ၈၃၀၅ ပါး ဖြေဆိုကြသည်။

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်များ၌ ကျင်းပလျက်ရှိသော ဓမ္မာစရိယစာမေးပွဲစာဖြေဌာနရှိ စာဖြေသံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ကျိုက်ထိုမြို့နယ် ဓမ္မာစရိယစာဖြေဌာနတွင် ဓမ္မာစရိယ စာဖြေသံဃာတော်နှင့် သီလရှင် ၁၂ ပါးနှင့် ဘီးလင်းမြို့နယ် ဓမ္မာစရိယစာဖြေဌာနတွင် ဓမ္မာစရိယစာဖြေသံဃာတော်နှင့် သီလရှင် ၂၆ ပါးတို့ ဖြေဆိုကြကြောင်း သိရသည်။

မတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပလျက်ရှိသော ဓမ္မာစရိယစာမေးပွဲ စာဖြေဌာနရှိ စာဖြေသံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုသည်။**(အပေါ်ပုံ)** မော်လမြိုင်မြို့ ဓမ္မာစရိယစာဖြေဌာနတွင် ဓမ္မာစရိယ စာဖြေ သံဃာတော်နှင့် သီလရှင် ၁၇၂ ပါး ဖြေဆိုကြောင်း သိရသည်။

ထိုသို့သွားရောက်ကြည်ညိုရာတွင် ပြည်ထောင်စုဝန်ကြီးသည် စာမေးပွဲကြီးကြပ်ရေးဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စာမေးပွဲဖြေဆိုနေမှုအခြေအနေများကို မေးမြန်းလျှောက်ထားပြီး စာမေးပွဲဖြေဆိုနေကြသော စာဖြေသံဃာတော်၊ သီလရှင်များအား လှည့်လည်ကြည့်ရှုဖူးမြော်ကြည်ညိုသည်။

အလားတူ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပလျက်ရှိသော ဓမ္မာစရိယစာဖြေဌာနသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထိုသို့ သွားရောက်ဖူးမြော်ကြည်ညိုရာ၌ ကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာတော်များအား နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းရာ စာမေးပွဲဖြေဆိုနေမှုအခြေအနေကို မေးမြန်းလျှောက်ထားခဲ့ပြီး စာမေးပွဲဖြေဆိုနေကြသော စာဖြေသံဃာတော်နှင့် သီလရှင်များအား လှည့်လည်ကြည့်ရှုဖူးမြော်ကြည်ညိုသည်။ နေပြည်တော် ပျဉ်းမနားမြို့နယ် ဓမ္မာစရိယစာဖြေဌာနတွင် ဓမ္မာစရိယ စာဖြေသံဃာတော်နှင့် သီလရှင် ၉၀ ပါးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အချောသပ်မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မတ် ၃၁**

UPWCဘက်မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ NCCT ဘက်မှ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ၊ ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ပဒိုစောကွယ်ထူးဝင်းနှင့် ဗိုလ်ချုပ်ဂွန်မော်၊ အဖွဲ့ဝင်ဗိုလ်မှူးကြီး ခွန်ဥက္ကာတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)အချောသပ်မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ ညနေ ၅ နာရီက ကျင်းပသည်။**(အောက်ပုံ)**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

UPWC အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က **အချက်(၅)ချက်ပါ နှစ်ဖက်ပူးတွဲထုတ်ပြန်ချက်ကို ကြေညာသည်။ NCCT အဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းက နှစ်ဖက်အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ပဋိပက္ခလျှော့ချရေးဆိုင်ရာ အချက်(၂)ချက်ပါ သဘောထားထုတ်ပြန်ချက်ကို ဖတ်ကြားသည်။ ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။**

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းပြည်ပ သတင်းမီဒီယာသမား ၁၇၀ မှ သတင်းရယူခဲ့ကြသည်ဟု MPC မှ ထုတ်ပြန်သည်။ **(သတင်းစဉ်)**



# နယ်သာလန်နိုင်ငံဘုရင့်မိဖုရား ငွေကြေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ သွားရောက်လေ့လာ



**ရန်ကုန် မတ် ၃၁**

နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ငွေကြေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံသားများအားလုံးပါဝင်သည့် ငွေကြေးကဏ္ဍ လမ်းပြမြေပုံနှင့်စပ်လျဉ်း၍ စကားဝိုင်း ဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးပွဲတွင် UNCDF ,IFC, WB, GIZ, LIFT, USAID, IMF, JICA, EU နှင့် CGAP အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် နယ်သာလန်နိုင်ငံဘုရင့်မိဖုရားသည် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသားကျောင်းသူများအား လူတိုင်းအကျုံးဝင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေးဆိုင်ရာ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မြောင်းတကာရှိ အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်နေသည့် World Vision သို့ သွားရောက်လေ့လာသည်။

ရှေးဦးစွာ နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာသည် မြောင်းတကာကျေးလက် ကျန်းမာရေးဌာန၌ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် World Vision၊ မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အသေးစားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်။

ယင်းနောက် နယ်သာလန်နိုင်ငံဘုရင့်မိဖုရား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မြောင်းတကာဈေးအတွင်း လှည့်လည်ကြည့်ရှုပြီး ဈေးသူဈေးသားများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ**(ဝဲပုံ)** အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

World Vision သည် မှော်ဘီမြို့နယ်ရှိ ကျေးရွာ၊ ရပ်ကွက် ၁၀ ခုတွင် အတိုးနှုန်း ၂ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အရင်းဆပ်၊ အတိုးလျှော့စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁-၄-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ဓန္မသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၇း၃၀ | MRTV-4 သတင်း |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series(Go Go Giggles) |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | ဟင်းချက်ရအောင် |
| ၁၁း၂၅ | MRTV-4 Stage |
| ၁း၀၀ | "ဘာကိုပေးလှူရမလဲ" တရားတော်(ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ) |
| ၅း၀၅ | Andes Episode-1 (In search of The Last Inca) |
| ၆း၁၀ | Health Fix |
| ၁၁း၀၅ | World of Knowledge (Built For The Kill Killer Cannies) |
| ၄း၂၅ | နယ်ဦးဆန်းထွင်သစ်သီးအလှဆင် (ဟင်းသီးဟင်းရွက်များကို စားချင်စဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း) |

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel ထုတ်လွှင့်မှုအစီအစဉ်

**၁-၄-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၀ | အဖွင့် ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ ဂီတရိပ်သာ(အပိုင်း-၂၃) |
| ၆း၂၀ | ပြည်သူ့နီတိ"အမြင်" |
| ၆း၄၀ | "ဂန္ထဝင်အလှမြန်မာ့ရာမ" (အပိုင်း-၁) |
| ၇း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း"(အပိုင်း-၂၆) |
| ၈း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၂၇) |
| ၈း၄၀ | ခါသကြံန်အဆိုအကများ |
| ၉း၀၀ | ပြည်သူ့နီတိ "ကိုယ့်ကိစ္စမဟုတ်ဘူး" |
| ၉း၄၀ | မြန်မာရုပ်ရှင်(ဖြူ/မည်း) "ကျွန်မမှာမိန်းမသား" (စိုးနိုင်၊ တင်တင်နွဲ့၊ ဒေစီကျော်ဝင်း) (ဒါရိုက်တာ-ဦးသုခ) |

# စီတီဇင်ဘတ်ဂျက်(Citizens Budget)

**စောနိုင်(အသုံးချဘောဂဗေဒ)**

### ပြည်သူ့ငွေစာရင်း

**ဘတ်ဂျက်**(Budget)ဆိုသည့်အသံထွက်ကို လူအများစုကြားဖူးကြပေလိမ့်မည်။ ထိုဘာသာရပ်ဆိုင်ရာ အင်္ဂလိပ်ဝေါဟာရကို မြန်မာဘာသာဖြင့် ဆီလျော်အောင်ဘာသာပြန်ထားသည့် **ရသုံးမှန်းခြေငွေစာရင်း**အခေါ်အဝေါ်ကိုမူ **ဘတ်ဂျက်**စကားလုံးလောက် ရင်းနှီးကျွမ်းဝင်မှုရှိနိုင်လိမ့်မည်မဟုတ်။ မြန်မာဘာသာဖြင့်ခေါ်ရာတွင် အနည်းငယ်ရှည်လျားသော စကားလုံးဖြစ်ပြီး ဘာသာရပ်ဆန်သည့်သဘောရှိလာသဖြင့် စိတ်ဝင်စားမှုပင်နည်းနိုင်သည်။ ဘတ်ဂျက်ဆိုသည့်အရာသည် နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေးအဆောက်အအုံတစ်ခုထဲရှိ ပြည်သူအားလုံးအတွက် သုံးစွဲရမည့်အသုံးစရိတ်များ၊ ပြည်သူတို့ကိုယ်တိုင်ပေးရမည့်၊ ထမ်းဆောင်ရမည့် အခွန်၊ အခများကို ကြိုတင်လျာထားသောငွေစာရင်းဖြစ်၏။ ထို့ကြောင့် နိုင်ငံအတွင်းရှိ လူည်းနေလှေအောင်းမြင်းဇောင်းမကျန် ပြည်သူပြည်သားအားလုံး မဖြစ်မနေပတ်သက်မှုရှိရမည့်အရာ၊ အသုံးငွေစာရင်းကြီးဟုဆိုနိုင်သည်။ ကျောင်းသားလူငယ် စာသင်သားတို့ နားလည်စေရန်ဖွင့်ဆိုထားသည့် အဓိပ္ပာယ်အရ ရသုံးမှန်းခြေငွေစာရင်းဆိုသည်မှာ နှစ်တစ်နှစ်အတွက် အစိုးရ၏ရငွေများ၊ အသုံးစရိတ်များနှင့် စပ်လျဉ်းသော အဆိုပြုချက်ဖြစ်သည်ဟုလည်း မှတ်သားနိုင်သည်။ အစိုးရသည် ပြည်သူပြည်သားများ၏လိုအပ်ချက်များအတွက် သုံးစွဲပေးရမည့် အသုံးစရိတ်ငွေများ၊ ပြည်သူပြည်သားများမှ ပြန်လည်ပေးဆောင်ရသည့် အခွန်၊ အခများအပါအဝင် အခြားသောရငွေများရရှိရေးအတွက် ကြိုတင်စီစဉ်ထားသည့် ငွေစာရင်းဖြစ်သောကြောင့် အစိုးရက အားထုတ်ပြင်ဆင်ထားသည့် ပြည်သူတို့၏ ငွေစာရင်းဟုလည်း နားလည်သဘောပေါက်နိုင်သည်။

### နိုင်ငံသားများ ဘတ်ဂျက်ကို နားလည်နိုင်ရေး

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက် အစိုးရနှင့် လွှတ်တော်တို့အပြန်အလှန် ထိန်းကျောင်းကာ နိုင်ငံ၏အရေးအရာကိစ္စများကို ပို၍ထင်သာမြင်သာရှိစွာ ဆောင်ရွက်နေသည်။ ထို့အတူ နိုင်ငံ၏အသုံးစရိတ်များ၊ ရငွေများ(ဘတ်ဂျက်)နှင့် ပတ်သက်သည့်ကိစ္စရပ်များကို စီမံလုပ်ဆောင်ရာတွင်လည်း တစ်ဆင့်ပြီးတစ်ဆင့် ပို၍ပွင့်လင်းမြင်သာစွာရှိလာစေရန် အားထုတ်လျက်ရှိနေပြီဖြစ်သည်။ ဘတ်ဂျက်ဟူသည် စီးပွားရေးအဆောက်အအုံအတွင်း ပြည်သူအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်ပြီး လက်တွေ့ကျကျ လှုပ်ရှားဆောင်ရွက်ရမည့် အရေးကိစ္စများဖြစ်သဖြင့် ပြည်သူအားလုံးသိရှိ၍ ကောင်းစွာနားလည်သဘောပေါက်ရန်လိုအပ်သည်။ သို့မှသာ ပြည်သူ့လိုအပ်ချက်၊ လိုအင်ဆန္ဒများနှင့် အနီးစပ်ဆုံးထပ်တူကျစေမည့် အခြေအနေများရရှိလာနိုင်ပြီး တာဝန်ယူဆောင်ရွက်ရသည့် အစိုးရသည်လည်း အားထုတ်မှုများကိုပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်မည်။ ပြည်သူများ၊ ရပ်ရွာအခြေပြုဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အပြုသဘောဆောင်သည့် အကြံပြုချက်များကိုပါ ထည့်သွင်းစဉ်းစား၍ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲနိုင်ရန် ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုမှ အလွယ်တကူသိရှိနိုင်ရေးအတွက်လည်း အစိုးရက ဆောင်ရွက်လျက်ရှိသည်။ ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်များစွာကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးမှုသည် ဘတ်ဂျက်ထင်သာမြင်သာရှိမှုအတွက်ကိုပါ များစွာထောက်ကူပေးနိုင်သည်ကိုလည်း ပညာရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများထောက်ပြထားပြီးဖြစ်သည်။ နိုင်ငံအများစုလက်ခံထားသည့် ဘတ်ဂျက်ဆိုင်ရာ သတင်းအချက်အလက်မှတ်တမ်းအမျိုးအစား ရှစ်မျိုးအနက် အများပြည်သူတို့ဆီသို့ တိုက်ရိုက်ဦးတည်ဖြန့်ဝေသင့်သည့် စီတီဇင်ဘတ်ဂျက်(Citizens Budget)ဟူသော ဘတ်ဂျက်မှတ်တမ်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

### စီတီဇင်ဘတ်ဂျက်ဆိုသည်မှာ

စီတီဇင်ဘတ်ဂျက်(Citizens Budget)ဆိုသည်မှာ အများနားလည်လွယ်စေရန် ရိုးစင်းစွာရေးသားဖော်ပြထားသော သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ဘတ်ဂျက်အကြောင်း မှတ်တမ်းတစ်ခုဖြစ်သည်။ ရှုပ်ထွေး၍ခက်ခဲသော ဘာသာရပ်ဆိုင်ရာဝေါဟာရများအသုံးမပြုဘဲ လူထုနေ့စဉ်သုံးစကားလုံးများဖြင့် အများပြည်သူအားလုံး အလွယ်တကူဖတ်ရှုသိရှိစေရန်အတွက် ရိုးရိုးရှင်းရှင်းရေးသားတင်ပြထားချက်လည်းဖြစ်သည်။ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များ(စီမံကိန်းနှင့် ပရောဂျက်များ)၊ သုံးစွဲမည့်ငွေကြေးအသုံးစရိတ်များ၊ ကောက်ခံရမည့် အခွန်၊ အခများ၊ အခြားရငွေများအပါအဝင် ဘတ်ဂျက်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ထည့်သွင်းရေးသားထားပြီး ဖတ်ရှုသူများ နားလည်ရန် ခက်ခဲသည့်ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ ဆက်စပ်တွေးခေါ်စဉ်းစားရမည့် စကားလုံးများမပါဝင်ဘဲ အခြေခံကျကျ၊ အရှင်းဆုံးတင်ပြထားသည့် မှတ်တမ်းမျိုးလည်းဖြစ်သည်။ စီတီဇင်ဘတ်ဂျက်ရေးသားပြုစုရာတွင် နှင့် အိုင်အမ်အက်ဖ်(International Monetary Fund-IMF)နှင့် အိုအီးစီဒီ(Organization for Economic Cooperation and Development-OECD)တို့၏ လမ်းညွှန်အကြံပြုချက်များကို လိုက်နာပါက များစွာအထောက်အကူရနိုင်သည်။ စီတီဇင်ဘတ်ဂျက်(Citizens Budget)ကို-

- နိုင်ငံရေးရည်ရွယ်ချက်မပါဝင်ဘဲ ဘတ်ဂျက်ပကတိအခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျရေးသားသင့်သည်။
- နိုင်ငံအတွင်း လူအများစုသုံးစွဲနေသော ဘာသာစကားဖြင့် ပုံနှိပ်ထုတ်ဝေသင့်သည်။ လိုအပ်ပါက နိုင်ငံတွင်းရှိအခြားသော တိုင်းရင်းသား ဘာသာစကားတစ်မျိုးထက်ပို၍ ရေးသားပုံနှိပ်သင့်သည်။
- နားလည်ရခက်ခဲနိုင်သည့် ဘာသာရပ်ဝေါဟာရများဖြင့် မရေးသားဘဲ အများပြည်သူနေ့စဉ်သုံးစွဲနေသည့် စကားများနှင့် ရေးသားသင့်သည်။
- ဘတ်ဂျက်၏ရည်ရွယ်ချက်နှင့် ဘတ်ဂျက်အတွင်းတွင်ပါဝင်သည့် အကြောင်းအရာများအားလုံး ပြည့်ပြည့်စုံစုံပါရှိရေးအတွက် အလေးထားသင့်သည်။
- လိုအပ်သည့်နေရာတွင် ရိုးစင်းပြီးထိရောက်သော ဇယားများ၊ ဂရပ်ပုံများထည့်ပေးသင့်သည်။ နောက်ထပ် အကိုးအကားကို ပြန်လည်ကြည့်စရာမလိုဘဲ ပြည့်စုံအောင်ထည့်ပေးသင့်သည်။
- ပြည်သူလူထုမှ အချိန်မီအကြံပြုဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့မှ ဘတ်ဂျက်ကို လွှတ်တော်သို့ တင်ပြနေသည့်အချိန်မှာပင် ပြည်သူလူထုထံသို့ စီတီဇင်ဘတ်ဂျက်မှတ်တမ်းကို ဖြန့်ဝေသင့်သည်။ (လွှတ်တော်သို့ တင်ပြရန် ပြင်ဆင်ထားသည့် ဘတ်ဂျက်ကို စီတီဇင်ဘတ်ဂျက်အဖြစ် ပြင်ဆင်ရေးသားခြင်းဖြစ်ပါက)
- ပုံနှိပ်ပြီးပါက မီဒီယာမျိုးစုံကိုအသုံးပြု၍ တက်တက်ကြွကြွနှင့် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေသင့်သည်။

ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ဘတ်ဂျက်ရေးဆွဲနိုင်ရေးပြုပြင်သည့်အချိန်တွင်ရှိသည့် ဘတ်ဂျက်သတင်းအချက်အလက်များကိုဖြစ်စေ၊ လွှတ်တော်မှအတည်ပြုပြီးနောက်မှ ဥပဒေအဖြစ်အသက်ဝင်ပြီးမှ ရရှိသည့် ဘတ်ဂျက်သတင်းအချက်အလက်ကိုဖြစ်စေ အများပြည်သူသို့ ဖြန့်ဝေပေးနိုင်ရေးအတွက် စီတီဇင်ဘတ်ဂျက်(Citizens Budget)အဖြစ် ရေးသားပုံနှိပ်ဖြန့်ဝေနိုင်သည်။

### ဘတ်ဂျက်ထင်သာမြင်သာရှိမှု ပထမခြေလှမ်း

အတိတ်ကာလများကတည်းက မြန်မာနိုင်ငံတွင် ဘတ်ဂျက်သတင်းဖြန့်ဝေနိုင်မှုမှာ အလွန်အားနည်းသည်။ အစိုးရသစ်လက်ထက်တွင် ဘတ်ဂျက်ကို ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးမှ အများပြည်သူတို့သိရှိနိုင်စေရန် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြမှုရှိသော်လည်း နောက်ထပ်ဘတ်ဂျက်နှင့် သက်ဆိုင်သည့် သိသင့်သိထိုက်သည့် သတင်းများကိုမူ အလွယ်တကူသိရှိနိုင်ရန် မလွယ်ကူလှပေ။ International Budget Partnership အဖွဲ့၏ Open Budget Survey(၂၀၁၂)အရ မြန်မာနိုင်ငံ၏ ဘတ်ဂျက်ထင်သာမြင်သာရှိမှုမှာ အနိမ့်ဆုံးအဆင့်ဖြစ်နေသည်ကို တွေ့ရှိရသည်။ သို့သော် မြန်မာနိုင်ငံသည် ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာရှိမှု ပိုမိုတိုးတက်လာစေရေးအတွက် ဆက်လက်အားထုတ်လျက်ရှိနေပြီဖြစ်ရာ အနာဂတ်ကာလများတွင် ဘတ်ဂျက်ထင်သာမြင်သာရှိမှုအခြေအနေ တိုးတက်လာလိမ့်မည်ဟု မျှော်လင့်နိုင်မည်။ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ အများပြည်သူတို့ လွယ်လင့်တကူ သိရှိသဘောပေါက်စေရန်၊ အကြံဉာဏ်များပေးနိုင်စေရန်နှင့် နိုင်ငံအစိုးရမှ ပြည်သူလူထု၏ လိုအင်ဆန္ဒများကို ပိုမိုသိရှိဖြည့်ဆည်းနိုင်စေရန် ရည်ရွယ်ချက်များဖြင့် စီတီဇင်ဘတ်ဂျက်(Citizens Budget)မှတ်တမ်းကို စတင်ရေးသားပြုစု၍ အများပြည်သူတို့ထံသို့ ဖြန့်ဝေပေးမည်ဟု သိရသည်။ စီတီဇင်ဘတ်ဂျက်ထုတ်ဝေနိုင်ခြင်းဖြင့် ဘတ်ဂျက်နှင့်ပတ်သက်သည့် အချက်အလက်ကိန်းဂဏန်းများအပါအဝင် နိုင်ငံ၏အခြေအနေအရပ်ရပ်ကို လည်းကောင်း၊ အစိုးရအဖွဲ့၏အားထုတ်ဆောင်ရွက်မှုများ၊ အလားအလာများနှင့် အခက်အခဲများကိုလည်းကောင်း နိုင်ငံသူနိုင်ငံသားများ ပိုမိုသိရှိလာနိုင်ပြီး အစိုးရ၏ ဆောင်ရွက်ချက်များကို ပိုမိုနားလည်သဘောပေါက်လာခြင်း၊ အကြံဉာဏ်များ ပံ့ပိုးပေးနိုင်ခြင်း စသည်တို့ ဖြစ်ထွန်းလာနိုင်သဖြင့် နိုင်ငံသူနိုင်ငံသားများအတွက်သာမက အစိုးရအဖွဲ့အစည်းများအတွက်ပါ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အစိုးရအဖွဲ့၏အရ၊ အသုံးဆိုင်ရာပွင့်လင်းမြင်သာရှိမှု၊ မြန်မာနိုင်ငံ၏ ဘတ်ဂျက်ထင်သာမြင်သာရှိမှုအတွက်များစွာ အထောက်အကူရနိုင်ပေလိမ့်မည်ဖြစ်သည်။ စီတီဇင်ဘတ်ဂျက်(Citizens Budget) မှတ်တမ်းထုတ်ဝေဖြန့်ဖြူးနိုင်ပါက မြန်မာနိုင်ငံ၏ဘတ်ဂျက်ထင်သာမြင်သာရှိမှု အခြေအနေတိုးတက်မှုရှိစေရန် ကြိုးစားအားထုတ်မှုအဆင့်တစ်ဆင့် ဖြစ်လာနိုင်သည်ဟုလည်းဆိုရပေမည်။ ။

---

## စာတတ်မြောက်ရေးလှုပ်ရှားမှု မြဝတီမြို့တွင် ဆောင်ရွက်မည်

**ဘားအံ မတ် ၃၁**

ကရင်ပြည်နယ် မြဝတီမြို့နယ် စာတတ်မြောက်ရေးနေ့ကို ယခုနှစ်တွင် မြဝတီမြို့နယ်၌ ဆောင်ရွက်မည်ဖြစ်ရာ စာတတ်မြောက်ရေးလုပ်အားပေးမည့် ဘားအံတက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ကရင်ပြည်နယ် ဝန်ကြီးချုပ်၏ ဩဝါဒခံယူပွဲကို မတ် ၃၁ ရက် နံနက် ၇ နာရီတွင် ဘားအံတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက လုပ်အားပေးကျောင်းသား ကျောင်းသူများအား ဩဝါဒစကားပြောကြားသည်။ ဆက်လက်၍ ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြမြဝင်းက လမ်းညွှန်အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် အသုံးပြုမည့် ဆေးသေတ္တာများနှင့်ပတ်သက်၍ အသုံးပြုနည်းများအား ရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ် စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ ၂၀၁၃ ခုနှစ်တွင် ဘားအံမြို့နယ်၊ ၂၀၁၄ ခုနှစ်တွင် ကော့ကရိတ် မြို့နယ်တို့၌ ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် မြဝတီမြို့နယ်၌ စာဖတ်ဝိုင်း ၁၄၂ ဝိုင်းဖြင့် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ စာမတတ်သူများအတွက် စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

---

## တဝါခရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၉၀ ရာခိုင်နှုန်းပြီးစီး

**ရှင်ဗွေယန် မတ် ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့ တဝါခချောင်းပေါ်၌ တည်ဆောက်နေသည့် ၂၀၀ ကေဗွီအေ ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့အုပ်ချုပ်ရေးမှူး ဦးညီညီထွန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မတ် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

တဝါခလျှပ်စစ်ဓာတ်အားပေး စက်ရုံကို ရှင်ဗွေယန်မြို့နှင့် ၅ မိုင်အကွာရှိ တဝါခချောင်းပေါ်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ခွင့်ပြုရန်ပုံငွေ ၁၇၉ ဒသမ ၅ သန်းဖြင့် ယမန်နှစ်နိုဝင်ဘာ ၁၇ ရက်မှ စတင်ကာ အောင်ပြည့်ချမ်းသာ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**(မြို့ပြန်/ဆက်)**

---

## အသိပညာပေးဟောပြော

**မိုးညို မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ မဟာသင်္ကြန်ကာလအတွင်း လူငယ်များနှင့် စိတ်ကြွဆေးပြားအန္တရာယ် အသိပညာပေးဟောပြောပွဲကို မတ် ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဆရာဝန်ကြီးတို့က ပညာပေးဟောပြောကြပြီး မူခင်းကျဆင်းရေးနှင့် မူခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **ခင်လတ်(မိုးညို)**

---

## ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်

**သံတွဲ မတ် ၃၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့နယ်တွင် မတ် ၂၅ ရက်က ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်စန်ရွှေနှင့်အတူ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဌေးတို့ ပါဝင်သောအဖွဲ့မှ ကျေးလက်ဦးစီးရန်ပုံငွေ ပြည်ထောင်စုထောက်ပံ့ငွေတို့ဖြင့် ဆောင်ရွက်သည့် ရွာရှည်-သံဒီလမ်းကျောက်ချောခင်းခြင်း (၂/၀)မိုင်၊ ဂိုတွော-အဘဲ-ရွှေသာချိုင်-ဆတ်လည်မျှော်-မရွတ်ကြီး - မရွတ်ကလေး - မဲနယ်ကွင်းမြေသားလမ်းဖောက်လုပ်ခြင်း(၇/၁)မိုင် လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး အချိန်မီ ပြီးစီးရေး၊ အလေအလွင့်မရှိစေရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီသော ပစ္စည်းများဖြင့် တည်ဆောက်ရေးတို့ကို ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၂၂)**

---

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလှေ့လာစို့**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း လွှတ်တော်အတည်ပြု

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၅ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့သည်။

ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမြတ်ခွန်အတွင်း ဝန်များခန့်နိုင်ရေးအား ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။**



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးစောမော်ထွန်း၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကိုဆောင်ရွက်

**နေပြည်တော် မတ် ၃၁**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၃၇)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **ကြံခင်းမြို့နယ် အလုံကျေးရွာနှင့် ထိန်ပင်မြောင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) များအား အခြေခံပညာ အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ဝန်ကြီးဌာနအနေဖြင့် ကျောင်းအဆင့်တိုးမြှင့်ပေးရန် ကျောင်းသားဦးရေပြည့်မီခြင်း ရှိ/မရှိ၊ ကျောင်းအဆောက်အအုံ ပရိဘောဂပြည့်စုံမှု ရှိ/မရှိ၊ ကျောင်းအဆောက်အအုံမြေနေရာ ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များပေါ်မူတည်၍ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ပေးရန် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှပေးပို့သော တန်းစီဇယားတွင် အလုံကျေးရွာကို အမှတ်စဉ်(၄၅) နှင့် ထိန်ပင်မြောင်ကျေးရွာကို အမှတ်စဉ်(၁၅၈) ဖြင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ပေးရန် ထည့်သွင်း လျာထားပါကြောင်းဖြင့် ဖြေကြားခဲ့သည်။



**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ။**

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **ချောက်မြို့နယ် ပြည့်ပင်ကျေးရွာ ကျေးလက်ဒေသမီးလင်းရေးအတွက် ခွင့်ပြုပေးထားသော ဆိုလာမီးလင်းရေးလုပ်ငန်းမှ လျှပ်စစ်မီးလင်းရေးလုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချောက်မြို့နယ်ရှိ ကျေးရွာ(၅)ရွာရှိ အိမ်ခြေ(၆၆၂) အိမ် ဆိုလာမီးလင်းရေးအတွက် စုစုပေါင်း ကုန်ကျငွေကျပ်သန်း ၁၃၂ ဒသမ ၄ သန်းဖြင့် ခွင့်ပြုခဲ့ပါကြောင်း၊ ပြည့်ပင်ကျေးရွာ ဆိုလာမီးလင်းရေးမှ လျှပ်စစ်မီးလင်းရေး လုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်ခွင့် ပြုထားပြီး ရန်ပုံငွေကို ကျေးရွာမီးလင်းရေးကော်မတီသို့ လွှဲပြောင်းပေး၍ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။



**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း။**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ **ပလက်ဝမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများတွင် လူကူးကြိုးတံတားနှင့် ချောင်းကူးတံတားများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပလက်ဝမြို့နယ်အတွင်းရှိ ကြိုးတံတား(၄)စင်းနှင့် သစ်သားတံတား(၄)စင်းကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် **အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်များ**နှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို လစဉ်ချီးမြှင့်ငွေကျပ် ခြောက်သိန်း၊ တည်းခိုနေထိုင်စရိတ် တစ်ရက်လျှင် ငွေကျပ်ငါးထောင်၊ အခြားအသုံးစရိတ် တစ်ရက်လျှင် ငွေကျပ် ငါးထောင်၊ စားသောက်စရိတ်တစ်ရက်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်ခံစားခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေများ**ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက **ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး၊ ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးရန်** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# စီးပွားရေးလုပ်ငန်းများကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်နစ်နာမှုမရှိစေရန် ပူးပေါင်းကူညီသင့်

**နေပြည်တော် မတ် ၃၁**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန်အတွက် မြန်မာနိုင်ငံတော်အစိုးရ၊ UNESCO နှင့် နိုင်ငံတကာတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် UNESCO ရုံးခွဲ(ရန်ကုန်၊ ဘန်ကောက်)တို့ ပူးပေါင်းပြီး ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်ထိ ကျင်းပခဲ့သည့် Capacity Building For Safeguarding Cultural Heritage in Myanmar Phase II စီမံကိန်းအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် Consultation Meeting; Towards World Heritage ညှိနှိုင်းဆွေးနွေးပွဲ၏ အကြံပြုချက်များအရ ပြည်တွင်း/ပြည်ပ ပညာရှင်များပူးပေါင်း၍ ပုဂံဒေသအတွက် Management Plan များ ရေးဆွဲရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်ရာတွင် မြို့ပြဧရိယာများတိုးချဲ့ခြင်း၊ ခရီးသွားလုပ်ငန်း၏အခြေခံအဆောက်အအုံများတိုးချဲ့လာခြင်းစသည့် စိန်ခေါ်မှုများအပြင် ယဉ်ကျေးမှုဇုန်အတွင်း ရှေးဟောင်းအဆောက်အအုံများတွင် အုတ်ဖုတ်လုပ်ငန်းများ ပြုလုပ်နေခြင်းသည်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ထိုသို့ ယဉ်ကျေးမှုဇုန်အတွင်း အုတ်ဖုတ်လုပ်ငန်းများကြောင့် မူလမြေမျက်နှာသွင်ပြင်ပျက်စီးစေသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ-၃၀ ပုဒ်မခွဲ(ခ)အရ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone)၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်(Ancient Site Zone)များတွင် လိုက်နာဆောင်ရွက်ရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၂/၂၀၁၄)၏ စာပိုဒ် ၁ စာပိုဒ်ခွဲ(ပ)တွင် မူလမြေမျက်နှာသွင်ပြင် ပျက်စီးစေနိုင်သည့်အတွက် ရွှေကျင်ခြင်း၊ အုတ်စိမ်းရိုက်ခြင်း၊ အုတ်ဖုတ်ခြင်း၊ သဲထုတ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အမှိုက်များစုပုံစွန့်ပစ်ခြင်း၊ သဘာဝကုန်းကမူများနှင့် တောင်ကုန်းများ ဖြိုဖျက်ခြင်း၊ မြေညှိခြင်းနှင့် ရေစီးရေလာပိတ်ဆို့တားဆီးခြင်း၊ ကန်၊ ချောင်း၊ ဆည်မြောင်း၊ လျှို၊ ချိုင့်များ မြေဖို့ခြင်းမပြုလုပ်ရန် လိုသည်။

ဤကဲ့သို့ စည်းကမ်းချက်များ ထည့်သွင်းသတ်မှတ်ရခြင်းမှာ အလားတူဖြစ်ရပ်မျိုးကို ၂၀၁၄ ခုနှစ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့သော ပျူမြို့ဟောင်း သုံးမြို့အနက် သရေခေတ္တရာမြို့ဟောင်းကို ICOMOC အဖွဲ့ဝင်များ လာရောက်စစ်ဆေးစဉ် နန်းတော်ရာ၌ ရွှေကျင်နေခြင်းကြောင့် မြေမျက်နှာပြင်ပျက်စီးနေမှုနှင့် သရေခေတ္တရာဇုန်အတွင်း စည်ပင်သာယာမှ စွန့်ပစ်အမှိုက်ပုံများကြောင့် UNESCO မှ ကန့်ကွက်မှုများရှိခဲ့ကြောင်း သိရသည်။

ယခုလည်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အုတ်လုပ်ငန်းရှင်များက အုတ်ဖုတ်လုပ်ငန်းဆောင်ရွက်လိုကြောင်း သိရပြီး ၎င်းတို့ဆောင်ရွက်လိုသော နေရာများသည် ပုဂံဒေသ၏ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် (Ancient Monumental Zone)၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone)အတွင်း ကျရောက်နေသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇(က) (ဂ) (စ) တို့အရ ခွင့်ပြု၍မရသော နေရာများဖြစ်သည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို မြန်မာသာမက ကမ္ဘာကပါ စိတ်ဝင်တစားဖြင့် ဝိုင်းဝန်းစောင့်ကြည့်ပြီး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေသောကာလဖြစ်သည့်အတွက် ပုဂံဒေသခံများအနေဖြင့်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ပျက်စီးမှုမရှိစေရန် ယဉ်ကျေးမှုဇုန်နှင့် လွတ်ကင်းရာတွင် အုတ်ဖုတ်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် မိမိတို့ယဉ်ကျေးမှုအမွေအနှစ်များကို ပူးပေါင်းကူညီထိန်းသိမ်းရန် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်တင်မကပါဘူး၊ အလင်းတန်းတွေ ပေါ်လာပြီဖြစ်တယ်လို့ ကျွန်တော်တို့ ပြောလို့ရပါပြီ

## နိုင်ငံတော်သမ္မတ

ရန်ကုန်  မတ်  ၃၁

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား ယနေ့နံနက်ပိုင်းတွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူများ၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို အကောင်အထည်ဖော်မည့် ခြေလှမ်းသစ်ဖြစ်သည့် ယနေ့အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့မှုများကို မြန်မာ့သတင်းစဉ်မှ စုစည်းဖော်ပြလိုက်ပါသည်။**



❛ ဒီမှာပါဝင်ခဲ့တဲ့ အောက်ခြေက အထောက်အကူပြု ဝန်ထမ်းကနေစပြီး အဆုံးအဖြတ်ပေးတဲ့ ခေါင်းဆောင်တွေ အားလုံးဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး သူရဲကောင်းတွေပါ ❜

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်



❛ ငြိမ်းချမ်းရေးမှာ အပစ်အခတ် တိုက်ခိုက်မှုရပ်စဲရေးက ပထမဆုံး အဆင့်ပဲ။ ဒီအဆင့်ကို လှမ်းနိုင်ပြီဖြစ် တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစလို့ ပြောချင် ❜

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ



❛ တစ်ဖက်နဲ့ တစ်ဖက် နားလည်မှုရတဲ့ ရလဒ်ပဲဖြစ်တယ်။ တစ်ပြည်လုံးငြိမ်းချမ်းရေး ရရှိဖို့အတွက် ပထမခြေလှမ်းလည်း ဖြစ် တယ်။ နိုင်ငံတော်အတွက် ရှေ့အလားအလာ ကောင်းတဲ့ပြုပြင်ပြောင်းလဲရေးတွေ ဆက်လက် ဆောင်ရွက်နိုင်မယ် ❜

ဦးစောကွယ်ထူးဝင်း



❛ အခုကျွန်တော်တို့ သဘောတူနိုင်တဲ့ စာချုပ်မူကြမ်းဟာ သာမန်သဘောတူ စာချုပ်မူကြမ်းမဟုတ်ဘဲ ကျွန်တော်တို့ ပြည်ထောင်စုကြီးကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုပြန်လည်ထူထောင်မလဲ ❜

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း

**နိုင်ငံတော်သမ္မတဦးသိန်းစိန်**

ဒီနေ့ကတော့ မင်္ဂလာရှိတဲ့ နေ့တစ်နေ့ပါ။ **ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်တင် မကပါဘူး၊ အလင်းတန်းတွေပေါ်လာပြီဖြစ်တယ်လို့ ကျွန်တော်တို့ ပြောလို့ရပါပြီ**။ မကြာခင် ငြိမ်းချမ်းရေးရဖို့လည်း အားလုံး ဝိုင်းပြီး ဆုတောင်းပေးကြပါ။

**ဦးရဲထွဋ်**
**ပြည်ထောင်စုဝန်ကြီး**

ဒီနေ့ကတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ သမိုင်းတွင်တဲ့ အဖြစ်အပျက်နှစ်ခုရှိတဲ့နေ့လို့ ပြောလို့ရပါပြီ။ နိုင်ငံတော် သမ္မတကြီးက ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်က နိုင်ငံတော် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်တဲ့အချိန်မှာ ပြောခဲ့တဲ့မိန့်ခွန်းထဲမှာ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးကို စတော့မယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီလိုပြောခဲ့ပြီး လေးနှစ် မြောက်တဲ့ ဒီနေ့မှာ ငြိမ်းချမ်းရေးတံခါးကို ပွင့်စေတဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒါကြောင့်မို့ ဒီနေ့က သမိုင်းဝင်တဲ့ ဖြစ်ရပ်နှစ်ခုရှိတဲ့နေ့လို့ ပြောချင်ပါတယ်။ ဒါ့အပြင် **ကမ္ဘာ့သမိုင်းမှာ စစ်ပွဲကို အောင်နိုင်တဲ့ သမ္မတတွေ၊ ဗိုလ်ချုပ်တွေ အများကြီးရှိတယ်။ သို့သော် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ စစ်ခေါင်းဆောင်တွေက လက်ချိုးရေလို့ရပါတယ်။ ဒီနေ့မှာတော့ နိုင်ငံ့ခေါင်းဆောင် နိုင်ငံတော်သမ္မတကြီးနှင့် တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်တဲ့ ရှားရှားပါးပါး နိုင်ငံ့ခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်များအဖြစ် သမိုင်းဝင်သွားပြီ**လို့ ပြောလို့ရပါတယ်။

ဒီစာချုပ်မူကြမ်းကို မကြာခင်မှာ တိုင်းရင်းသား ခေါင်းဆောင်တွေက စဉ်းစားပြီး လက်ခံသဘောတူရင် လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်ပြီး လုပ်ရမှာပါ။ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်တဲ့အခါမှာလည်း အားလုံးက စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရမှာပေါ့၊ ဒီလို ဆောင်ရွက်နိုင်ပြီဆိုရင်တော့ ပြည်သူအားလုံးမျှော်လင့်တဲ့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားအားလုံးရဲ့ အခွင့်အရေးကို အပြည့်အဝကျင့်သုံးနိုင်တဲ့ ပြည်ထောင်စု စနစ်ကြီးကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

မြန်မာ့သမိုင်းမှာ ပဋိပက္ခတွေ စပြီးဖြစ်ကတည်းက ငြိမ်းချမ်းရေးရနိုင်ဖို့အတွက် အစိုးရအဆက်ဆက်က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားခဲ့ကြတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ တာဝန်ယူပြီး ဆောင်ရွက်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုကတော့ အရင်တုန်းက ဆောင်ရွက်ခဲ့ပုံနဲ့ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းလည်းကွာခြားတယ်။ နောက်တစ်ခါ ပါဝင်တဲ့အရေအတွက်လည်း အရမ်းများတယ်။ အမျိုးမျိုးသောအဖွဲ့အစည်းတွေက စုစည်းပြီး ဒီလိုမျိုး သဘောတူနိုင်တဲ့အတွက် **ဒီမှာပါဝင်ခဲ့တဲ့ အောက်ခြေက အထောက်အကူပြု ဝန်ထမ်းကနေစပြီး အဆုံးအဖြတ်ပေးတဲ့ ခေါင်းဆောင်တွေအားလုံးဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး သူရဲကောင်းတွေပါ**လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဦးခင်ရီ**
**ပြည်ထောင်စုဝန်ကြီး**

ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းကော်မတီမှာ အဖွဲ့ဝင်တစ်ဦးပါ။ အခုလို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအစည်းအဝေးတွေ စခဲ့ကတည်းက ပါဝင်ခဲ့ပြီး အခုလို သဘောတူစာချုပ်မူကြမ်းရတဲ့အထိ တော်တော်လေးကြိုးစားခဲ့ရပါတယ်။ ပါဝင်တဲ့ အဖွဲ့အစည်းတွေရဲ့ ငြိမ်းချမ်းရေးလိုချင်တဲ့စိတ်၊ အထက်အကြီးအကဲတွေရဲ့ ငြိမ်းချမ်းရေးအတွက် ချမှတ်ပေးတဲ့ မူဝါဒလမ်းစဉ် အပေါ်မှာ ကြိုးစားပမ်းစား လေးနှစ်နီးပါး ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့မှာ မူကြမ်းကြီးကို သဘောတူညီမှုရရှိတာ အလွန်ဝမ်းသာစရာ ကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲတော့မယ်။ ဒါပြီးရင် လာမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် အလွန်ဝမ်းသာစရာ ကောင်းပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းရေးက ဆက်စပ်နေတယ်။ ငြိမ်းချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်အောင် လုပ်လို့မရဘူး။ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ငြိမ်းချမ်းရေးက အဓိကကျတယ်။ **ငြိမ်းချမ်းရေးမှာ အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးက ပထမဆုံးအဆင့်ပဲ။ ဒီအဆင့်ကို လှမ်းနိုင်ပြီဖြစ်တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစ**လို့ ပြောချင်ပါတယ်။

ဒုတိယအဆင့် သဘောတူညီချက်ဖြစ်တဲ့ NCA တစ်ခုလုံးပေါ်ထွက်လာဖို့အတွက် UPWC နှင့် NCCT တို့ရဲ့ Final Draft ကို ဒီနေ့ အတည်ပြုခဲ့ပြီးပါပြီ။ ဒါကို ခေါင်းဆောင်တွေကို ကျွန်တော်တို့ တင်ပြပြီးရင် သတ်မှတ်ရက်တွေအတိုင်း NCA စာချုပ်ကြီးကို လက်မှတ်ထိုးမှာပါ။ NCA လက်မှတ်ထိုးပြီး ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေး ဆွေးနွေးပွဲတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးစောကွယ်ထူးဝင်း**
**ကရင်အမျိုးသားအစည်းအရုံး**

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို ဒီနေ့မှာ လက်မှတ်ရေးထိုးတာဖြစ်ပါတယ်။ ဒီစာချုပ်ရရှိဖို့က တစ်နှစ်ကျော်မှာ ကြိုးစားလာခဲ့တဲ့ **တစ်ဖက်နဲ့ တစ်ဖက် နားလည်မှုရတဲ့ ရလဒ်ပဲဖြစ်တယ်။ တစ်ပြည်လုံးငြိမ်းချမ်းရေးရရှိဖို့အတွက် ပထမခြေလှမ်းလည်း ဖြစ်တယ်။** ပြည်သူပြည်သားတစ်ရပ်လုံး ရယူလိုတဲ့ ငြိမ်းချမ်းရေးအတွက် ဆက်လက်ပြီး ဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ **နိုင်ငံတော်အတွက် ရှေ့အလားအလာကောင်းတဲ့ ပြုပြင်ပြောင်းလဲရေးတွေ ဆက်လက်ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။**

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (အဖွဲ့ဝင်)**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)**

ကျွန်တော်တို့ ဒီအစည်းအဝေး ဆွေးနွေးလာတာ တော်တော်လေးကြာပြီ။ တရားဝင် ခုနစ်ကြိမ်။ အဲဒီထဲမှာ ကျွန်တော်တို့ သဘောတူထားတဲ့ ဆုံးဖြတ်ချက်တွေ အများကြီးရှိပါတယ်။ အဲဒီဆုံးဖြတ်ချက်တွေကလည်း ရှေ့ဆက် လုပ်ငန်းစဉ်တွေ အကောင်ထည်ဖော်တဲ့နေရာမှာ တရားဝင် သုံးဖို့၊ ကိုးကားဖို့ဖြစ်ပါတယ်။ ဒီတိုင်းပြည်မှာ ပြည်တွင်းစစ် ဖြစ်နေတာ နှစ်ပေါင်း ၆၀ ကျော်ပြီ။ နှစ်ပေါင်း ၆၀ ကျော်ပြီ ဖြစ်တဲ့ ပြည်တွင်းစစ်ကိုရပ်စဲဖို့အတွက် အပေါ်ယံနဲ့ လုပ်လို့ မရပါဘူး။ ပြည်တွင်းစစ်ရဲ့ တကယ့်ပြဿနာကို စတင် ဖြစ်ပွားစေတဲ့အကြောင်းအရင်းတွေကို ဘယ်လိုကိုင်တွယ် ရမလဲ။ ဘယ်လိုဖြေရှင်းရမလဲဆိုတာတွေကို အသေးစိတ် ဆွေးနွေးရပါတယ်။ အဲဒါကြောင့် **အခုကျွန်တော်တို့ သဘောတူနိုင်တဲ့ စာချုပ်မူကြမ်းဟာ သာမန်သဘောတူ စာချုပ်မူကြမ်းမဟုတ်ဘဲ ကျွန်တော်တို့ ပြည်ထောင်စုကြီးကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုပြန်လည်ထူထောင်မလဲ ဆိုတဲ့အပိုင်း ပါတယ်။ ပြီးရင် နိုင်ငံရေးဆွေးနွေးပွဲကို ဘယ်လိုဆွေးနွေးကြမလဲ၊ ဘာအကြောင်းအရာတွေ ဆွေးနွေးကြမလဲဆိုတာပါတယ်။ ဆွေးနွေးပွဲကာလမှာ တိုင်းရင်းသားတွေရဲ့အခန်းကဏ္ဍက ဘယ်လိုဖြစ်မလဲ။ လက်နက်ကိုင်တော်လှန်ရေးတွေရဲ့ ရပ်တည်ရေးက ဘယ်ပုံစံ ဖြစ်မလဲဆိုတာကို ဘက်ပေါင်းစုံက ဆွေးနွေးရပါတယ်။** အဓိကအရေးကြီးဆုံးက အပစ်အခတ်ရပ်စဲရေးကာလမှာ နှစ်ဖက်တပ်က လိုက်နာရမယ့် အဆင့်တွေ၊ စစ်သည်တော် တွေရဲ့ ကျင့်ဝတ်၊ ပြဿနာမဖြစ်အောင် နှစ်ဖက်လုံးက

**စာမျက်နှာ ၉ သို့ ◗**

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်

ရန်ကုန်မြို့

၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)မူကြမ်းရရှိနိုင်ရန် သတ္တမအကြိမ်မြောက် နှစ်ဖက်ညှိနှိုင်း ဆွေးနွေးပွဲကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)တွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့ပြီး မတ်လ ၃၀ နှင့် ၃၁ ရက်များ၌ ဆက်လက်ကျင်းပခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ သတ္တမအကြိမ် ဆွေးနွေးပွဲအပြီးတွင် အခန်း ၇ ခန်း၊ အပိုဒ်(၃၃)ပိုဒ်ပါ သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ပါသည်။

၃။ ဤဆွေးနွေးပွဲမှ ရရှိထားသော သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီက ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီသို့လည်းကောင်း၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့က သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များထံသို့လည်းကောင်း တင်ပြအတည်ပြုချက် ရယူကြမည်ဖြစ်ပါသည်။

၄။ အတည်ပြုချက်များရယူပြီးနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို တရားဝင် လက်မှတ်ရေးထိုးမည့် အချိန်၊ နေရာနှင့် ပါဝင်လက်မှတ်ရေးထိုးမည့်သူများ၏အမည်စာရင်းကို နှစ်ဖက်ဆက်လက် ညှိနှိုင်းသတ်မှတ်သွားမည်ဖြစ်ပါသည်။

၅။ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် နှစ်ဖက်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။



ဒေါက်တာ ကျော်ရင်လှိုင်။



ဦးနိုင်ဟံသာ။

◗ စာမျက်နှာ ၈ မှ

ကြိုးစားပြီး ဆောင်ရွက်ရမှာဖြစ်တယ်။ တစ်ခုခုဖြစ်ရင် နှစ်ဖက်စလုံးက ချက်ချင်းပူးပေါင်းပြီးစောင့်ကြည့်ဖို့လိုတယ်။ ချက်ချင်းဖြေရှင်းဖို့လိုတယ်။ အဲဒီအတွက် ပူးတွဲစောင့်ကြည့်ရေးကော်မတီကိုဘယ်လိုဖွဲ့စည်းရမလဲ အဲဒါတွေကအစ ကျွန်တော်တို့ အသေးစိတ်သဘောတူထားပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ အခုသဘောတူထားတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းဟာ ဒီတိုင်းပြည်ရဲ့ ပြဿနာတစ်ခုလုံးကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမယ်ဆိုတာ အသေးစိတ်ပါတဲ့အတွက် အင်မတန်မှပြည့်စုံတဲ့ သဘောတူစာချုပ်ဖြစ်တယ်လို့ ပြောချင်တယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေနဲ့ ငြိမ်းချမ်းရေးကို အလေးအနက်ထားပြီးဆောင်ရွက်တယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ သတိထားမိပါတယ်။ ကြိုဆိုတယ်။ ဘာလို့လဲဆိုတော့ ၂၀၁၁ ဩဂုတ်လမှာ သမ္မတ ဦးသိန်းစိန်က အပစ်အခတ်ရပ်စဲရေးလုပ်မယ် ဖိတ်ခေါ်တော့ ကျွန်တော်တို့ရေးတဲ့ စာတွေကို သတိထားမိကြမှာပါ။ အစိုးရကတကယ်လုပ်ပါ့မလားလို့ အများကြီးသံသယတွေရှိခဲ့တယ်။ အခုလုပ်ရင်းနဲ့ သမ္မတကြီးကိုယ်တိုင် ပါဝင်ပတ်သက်တာကို တွေ့ရတော့ အစိုးရဘက်က ဒီအစိုးရအနေနဲ့ တကယ်ငြိမ်းချမ်းရေး လိုလားပြီး ဆောင်ရွက်ချင်တယ်ဆိုတာသက်သေသဘောနဲ့ မြင်ရတဲ့အတွက် ဝမ်းသာပါတယ်။

ပြည်သူလူထုတစ်ရပ်လုံးကို ပြောချင်တာက အခုသဘောတူစာချုပ်ကပထမအဆင့်ပဲရှိသေးတယ်။ ရှေ့ဆက်သွားရမယ့် ကဏ္ဍအသီးသီးမှာလူထုရဲ့ အားပေးမှုကို ကျွန်တော်တို့ လိုလားပါတယ်။ ဒီတိုင်းပြည် ငြိမ်းချမ်းဖို့ကို ကျွန်တော်တို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနဲ့ အစိုးရ သက်သက်ပဲလုပ်လို့မရပါဘူး။ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ပတ်သက်မှ ငြိမ်းချမ်းရေးဆောင်ရွက်နိုင်ပါတယ်။ လူထုရဲ့အားပေးမှုကို မေတ္တာရပ်ခံချင်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေ ထိပ်သီးညီလာခံခေါ်နိုင်ဖို့ အမြန်ဆုံး၊ အတတ်နိုင်ဆုံး ကြိုးစားပါမယ်။ အမြန်ဆုံးလုပ်ဖို့ ပြင်ဆင်ပါမယ်။ ဒီနေ့ပြီးရင် မနက်ဖြန်နားပြီး လာမယ့်နှစ်ရက်အတွင်းမှာ NCCT အစည်းအဝေးလုပ်ပါမယ်။ ဒီအစည်းအဝေးမှာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ခေါင်းဆောင်တွေ ထိပ်သီးအစည်းအဝေး ဘယ်တော့ခေါ်မယ်ဆိုတာကို ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အမြန်ဆုံးခေါ်ချင်တယ်။ အမြန်ဆုံး ဆွေးနွေးချင်တယ်။

**ဦးနိုင်ဟံသာ (အဖွဲ့ခေါင်းဆောင်)**
**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ**
**ညှိနှိုင်းရေးအဖွဲ့ (NCCT)**

ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ နှစ်ပေါင်း ၇၀ နီးပါး အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကြားမှာ ဖြစ်ပွားနေတဲ့လက်နက်ကိုင်ပဋိပက္ခဟာ နိုင်ငံရေး ပြဿနာပေါ်မှာ အခြေခံတာဖြစ်ပါတယ်။ **နိုင်ငံရေးနည်းနဲ့ တွေ့ဆုံဆွေးနွေးဖြေရှင်းဖို့အတွက် လက်နက်ကိုင်ပဋိပက္ခကို ဦးစွာရပ်စဲဖို့လိုပါတယ်။** တိုက်ပွဲတွေ ဆက်ဖြစ်နေရင် တွေ့ဆုံဆွေးနွေးပွဲဟာ အောင်မြင်ဖို့မလွယ်ဘူး။ ဒါကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ **စာမျက်နှာ ၁၀ သို့ »»»**

## ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း (Final Draft)ကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (Union Peace-Making Central Committee-UPCC)၏ တာဝန်ပေးချက်အရ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace-Making Work Committee- UPWC)နှင့် လိုင်ဇာတွင်ပြုလုပ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ညီလာခံမှ ဖွဲ့စည်းတာဝန်ပေးသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(Nationwide Ceasefire Coordination Team-NCCT)တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းတစ်စောင်ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

၂။ အဆိုပါ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းရရှိရေးအတွက် မြစ်ကြီးနားမြို့တွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့၌ UPWC နှင့် NCCT တို့အကြား ပထမဆုံးအကြိမ် စတင်ဆွေးနွေးခဲ့ပြီး ပြည်တွင်းပြည်ပတွင် အလွတ်သဘော (၂၂)ကြိမ်၊ တရားဝင် ခုနစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ယခုကဲ့သို့ UPWC နှင့် NCCT တို့အကြား နှစ်ဖက်သဘောတူညီသည့် စာချုပ်မူကြမ်းကို ပြုစုနိုင်ခဲ့ခြင်းဖြစ်ပါသည်။

၃။ အဆိုပါ UPWC နှင့် NCCT တို့အကြား နှစ်ဖက်သဘောတူညီသည့် စာချုပ်မူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များထံ ပြန်လည်တင်ပြ အတည်ပြုချက်ရယူကြမည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များထံမှ အတည်ပြုချက်ရယူပြီးပါက နှစ်ဖက်ကိုယ်စားပြုသူများမှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA)ကို လက်မှတ်ရေးထိုးကြမည် ဖြစ်ပါသည်။

၅။ ခုနစ်ကြိမ်မြောက်ဆွေးနွေးပွဲမှ သဘောတူရရှိသည့် စာချုပ်မူကြမ်းကို ပူးတွဲ(က)အဖြစ်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကို ပူးတွဲ(ခ)အဖြစ်လည်းကောင်း ဖော်ပြထားပါသည်။

၆။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း(NCA)ကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုပါသည်။

| ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT) |
| --- | --- |
| ဦးအောင်မင်း<br>ပြည်ထောင်စုဝန်ကြီး<br>ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုငြိမ်းချမ်းရေး<br>ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ | နိုင်ဟံသာ<br>အဖွဲ့ခေါင်းဆောင်<br>တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး<br>ဆိုင်ရာညှိနှိုင်းရေးအဖွဲ့ |
| ဦးသိန်းဇော်<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုငြိမ်းချမ်းရေး<br>ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ | ပဒိုစောကွယ်ထူးဝင်း<br>ဒုတိယအဖွဲ့ခေါင်းဆောင်(၁)<br>တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး<br>ဆိုင်ရာညှိနှိုင်းရေးအဖွဲ့ |
| ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး<br>အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့မှူး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | ဗိုလ်ချုပ် ဂွန်မော်<br>ဒုတိယအဖွဲ့ခေါင်းဆောင်(၂)<br>တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး<br>ဆိုင်ရာညှိနှိုင်းရေးအဖွဲ့ |
| ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန<br>အဖွဲ့ဝင်<br>ပြည်ထောင်စုငြိမ်းချမ်းရေး<br>ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ | ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း<br>အဖွဲ့ဝင်<br>တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး<br>ဆိုင်ရာညှိနှိုင်းရေးအဖွဲ့ |
| ဦးခက်ထိန်နန်<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | ဗိုလ်မှူးကြီး ခွန်ဥက္ကာ<br>အဖွဲ့ဝင်<br>တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး<br>ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်
နေရာ၊ ရန်ကုန်မြို့

»»» စာမျက်နှာ ၉ မှ

အပစ်ရပ်ဖို့ အစိုးရကိုယ်စားလှယ် UPWC နဲ့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေရဲ့ ကိုယ်စားလှယ် ကျွန်တော်တို့နဲ့ NCCT တို့ ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့ ဆွေးနွေးလာကြတာ အချိန်ကာလအားဖြင့် တစ်နှစ်နဲ့ ငါးလ၊ အကြိမ်ပေါင်းအားဖြင့် တရားဝင် ခုနစ်ကြိမ်နဲ့ အလွတ်သဘော အကြိမ် ၂၀ ကျော် ဆွေးနွေးခဲ့ကြတာဖြစ်တယ်။ ဒီလို အချိန်ကာလ ကြာမြင့်စွာနဲ့ အကြိမ်ပေါင်းများစွာ ဆွေးနွေးပြီးတဲ့အခါမှ NCCT နဲ့ UPWC အကြား အကြိုအဆင့်သဘောတူညီမှု ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ NCCT ကို ၂၀၁၃ လိုင်ဇာမှာ တိုင်းရင်းသားလက်နက်ကိုင်ညီလာခံက ဖွဲ့စည်းတာဝန်ပေးခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ ၁၆ ဖွဲ့မှ တစ်ဖွဲ့ကို ကိုယ်စားလှယ် တစ်ဦးကျနဲ့ ဖွဲ့စည်းထားတဲ့ NCCT ဟာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရေးအတွက် အစိုးရနဲ့ ညှိနှိုင်းဆွေးနွေးတဲ့ အလုပ်အဖွဲ့သာ ဖြစ်ပါတယ်။ NCCT ဟာ တိုင်းရင်းသားလက်နက်ကိုင် ညီလာခံက ချမှတ်ထားတဲ့ အခြေခံမူတွေအပေါ်မှာ ရပ်တည်ပြီး ညှိနှိုင်းဆွေးနွေးနေတာဖြစ်ပါတယ်။ အခု NCCT အနေနဲ့ ညှိနှိုင်းရရှိထားတဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ဟာ ပဏာမအဆင့် သဘောတူညီချက်ပဲဖြစ်ပါတယ်။ NCCT က ကိုယ်စားလှယ်အဖွဲ့သာဖြစ်ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲခြင်း အခြေခံလုပ်ပိုင်ခွင့် မူဘောင်အောက်မှာ လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ဒီရရှိထားတဲ့ သဘောတူညီချက်တွေကို တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေရဲ့ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးမှာ တင်ပြပြီးတော့ အဲဒီအစည်းအဝေးကနေ သဘောတူလက်ခံမှ အပြီးသတ်အတည်ဖြစ်မှာဖြစ်ပါတယ်။ အဲဒီ ထိပ်သီးအစည်းအဝေးကြီးကနေ ပြင်ဆင်ဖြည့်စွက်စရာ အနည်းငယ်ရှိပါလိမ့်မယ်။ အဖွဲ့အစည်းအသီးသီးက ထိပ်သီးခေါင်းဆောင်များ သဘောတူ လက်ခံလာအောင် ကျွန်တော်တို့ NCCT အဖွဲ့ဝင်များက ကြိုးစားပြီးတော့ ရှင်းလင်းတင်ပြရပါဦးမယ်။

**ဒေါက်တာကျော်ရင်လှိုင်**
**ငြိမ်းချမ်းရေးဆွေးနွေးပွဲအစီအစဉ် (ဒါရိုက်တာ)**
**မြန်မာနိုင်ငံငြိမ်းချမ်းရေး**
**ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) နဲ့ ပတ်သက်ရင် လွန်ခဲ့တဲ့ ၁၈ လလောက်မှာ ရာပေါင်းများစွာသော အစည်းအဝေးတွေနဲ့ အပင်ပန်းခံပြီး နှစ်ဦးနှစ်ဖက်က ကြိုးစားခဲ့တော့ ဒီနေ့ကတော့ အဲဒီကြိုးစားမှုတွေရဲ့ အသီးအပွင့်အဖြစ်နဲ့ ကျွန်တော်တို့ကတော့ အရမ်းဝမ်းသာပါတယ်။ ဖော်မပြနိုင်လောက်အောင်ပါပဲ။ တိုင်းပြည်အတွက်လည်း အလွန်ပဲကောင်းသွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

အခက်အခဲတွေ ကျော်ဖြတ်ရတယ်ဆိုတာက တစ်ခါတစ်ခါကျရင် တစ်ဖက်နဲ့ တစ်ဖက်က Issue တွေ အပေါ်မှာ နားလည်မှုပုံစံချင်းမတူညီတဲ့ အပိုင်းလေးတွေ ရှိပါတယ်။ အဲဒီအပိုင်းလေးတွေနဲ့ ပတ်သက်ပြီးတော့ အပြန်အလှန်ဆွေးနွေးပြီးတော့ Common and distended ပေါ့။ တူညီတဲ့ နားလည်မှုရအောင် လုပ်ရတဲ့အပိုင်း။ အဲဒီအပိုင်းတွေက အစပိုင်းမှာတော့ ခက်ခဲပါတယ်။ နောက်ပိုင်း တစ်ဖက်နဲ့တစ်ဖက် ဆွေးနွေးမှုတွေရှိလာတဲ့အခါကျတော့ နှစ်ဖက်က ဟိုဘက် ဒီဘက်ပုံစံမျိုး မဟုတ်ဘဲနဲ့ နှစ်ဦးနှစ်ဖက် အားလုံးလက်ခံနိုင်တဲ့ သဘောတူညီချက်ကြီးကို စပြီးတော့ ကြိုးစားတဲ့အခါမှာတော့ အခက်အခဲတွေ ရှိသော်ငြားလည်း အားလုံးကို ကျော်လွှားသွားနိုင်ပါတယ်။ မဖြစ်မနေ ကြီးမားတဲ့အခက်အခဲဆိုတာကို ကျွန်တော့်အနေနဲ့တော့ မတွေ့ခဲ့ပါဘူး။ ကျော်လွှားနိုင်လို့ ဒါတွေမရှိခဲ့လို့လည်း ကျွန်တော်တို့ ဒီနေ့ တကယ့်သဘောတူညီချက်ကြီးကို ရခဲ့တာဖြစ်ပါတယ်။

အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်မယ့် အချိန်အတိအကျကိုတော့ ပြောဖို့ခက်ပါတယ်။ သို့သော်လည်း ကြည့်လိုက်မယ်ဆိုလို့ရှိရင် တစ်နေ့ကထက်စာရင် အဲဒီလက်မှတ်ရေးထိုးဖို့က တအားနီးသွားပြီ။ ဒီတော့ လာမယ့် တစ်လအတွင်းမှာ ဒါတွေ ဖြစ်တန်ကောင်းတယ်လို့တော့ မျှော်လင့်ပါတယ်။ သူတို့အနေနဲ့ကလည်း ဒါက အစိုးရတစ်ဖွဲ့တည်းကိုး။ တိုင်းရင်းသားတွေဘက်မှာက အဖွဲ့ပေါင်း မြောက်မြားစွာရှိတယ်ဆိုတော့ ဒီအဖွဲ့တွေ စုစည်းပြီးတော့ ဒီကိစ္စကို ပြန်ပြီးတော့ ပြောကြ၊ ဆိုကြမယ်ဆိုတော့ အချက်တစ်ချက်အနေနဲ့ လုပ်ကြရတာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ထင်ပါတယ်။ **မဝေးတော့တဲ့ကာလတစ်ခုမှာ သဘောတူညီချက်ကြီးကို အောင်အောင်မြင်မြင်နဲ့ လက်မှတ်ရေးထိုးသွားနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။**

**ဒီနေ့ သဘောတူညီချက်လက်မှတ်ရေးထိုးတာဟာ အများကြီး အကျိုးသက်ရောက်မှုတွေ ရှိနိုင်ပါတယ်။ လက်မှတ်ရေးထိုးပွဲ ပြီးသွားလို့ရှိရင် ကျွန်တော်တို့က အပြန်အလှန်စောင့်ကြည့်တဲ့အဖွဲ့တွေ အားလုံးနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဆိုတော့ ဒါတွေ ဆောင်ရွက်တာနဲ့အမျှ ပြည်နယ်တွေမှာ ပိုပြီး ငြိမ်းချမ်းလာမယ်။** ငြိမ်းချမ်းလာတာနဲ့အမျှ အခြားအဖွဲ့တွေမှာလည်း ဒီရဲ့အကျိုးသက်ရောက်မှုတွေ အများကြီးရလာမှာဖြစ်ပါတယ်။




## တောင်တရုတ်ပင်လယ်ဆိုင်ရာနိုင်ငံများ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အာဆီယံကြေညာချက်အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃၁**

တောင်တရုတ်ပင်လယ်ဆိုင်ရာ နိုင်ငံများ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အာဆီယံကြေညာချက် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် (၁၃) ကြိမ်မြောက် အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးကို မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဂျကရင့်ဆရီဗလီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန နယ်နိမိတ်နှင့် သမုဒ္ဒရာရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟီဝေတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးကို တောင်တရုတ်ပင်လယ်ဆိုင်ရာနိုင်ငံများ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အာဆီယံကြေညာချက်ကို အပြည့်အဝ အကောင်အထည်ဖော်ရေးနှင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ အပြီးသတ်စေရေးတို့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံအကြား ဆွေးနွေးမှုအရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အစည်းအဝေးတွင် တောင်တရုတ်ပင်လယ်ဆိုင်ရာနိုင်ငံများ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အာဆီယံကြေညာချက် ထိရောက်စွာအပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးမြှင့်တင်ရန် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် တောင်တရုတ်ပင်လယ်ဆိုင်ရာနိုင်ငံများ လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အာဆီယံကြေညာချက် အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်အောက်ရှိ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအပေါ် ဆွေးနွေးခဲ့ကြပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် စီမံကိန်းအသစ်များ၊ အဆိုပြုချက်များကို ကျွမ်းကျင်သူများ အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ထူးချွန်မသန်စွမ်း မစုပုံချစ်အား ဆန္ဒဖော်ထုတ်ပွဲမှာပါဝင်လို့ တိုက်ခန်းပြန်အပ်ခိုင်းခြင်းဆိုသည်မှာ မှန်ကန်မှုမရှိ

**နေပြည်တော် မတ် ၃၁**

သတင်းများ ရေးသားဖော်ပြရာမှာ အချက်အလက် တိကျမှန်ကန်စေရေး၊ သတင်းရေးသားသူ၏ ထင်မြင်ယူဆချက်နှင့် အာဘော်များ လုံးဝမပါရှိစေရေး သတင်းမီဒီယာဉပဒေမှ သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များတွင် လေ့လာမှတ်သားရပါသည်။

သို့သော်လည်း မစုပုံချစ်နေထိုင်သည်ဆိုသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနပိုင် ရွှေဂုံတိုင်ဝန်ထမ်းအိမ်ရာ တိုက်-အေ အခန်း- ၂၀၃ နှင့် ပတ်သက်သည့်သတင်းကို သတင်းစာ၊ ဂျာနယ်အချို့နှင့် လူမှုကွန်ရက်သတင်းများတွင် သတင်းအချက်အလက် မှားယွင်းစွာဖြင့် ဖော်ပြနေသည်ကို တွေ့မြင်နေရသည်။

"အဲဒီမှာ ဖော်ပြထားသလို သမီးလေး စုပုံချစ်ကို ဖေဖော်ဝါရီလပိုင်းက ကျောင်းသားတွေ ဆန္ဒထုတ်ဖော်ခဲ့ကြတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှု ဆန္ဒထုတ်ဖော်ပွဲမှာ ပါဝင်လို့ တိုက်ခန်းကိုပြန်အပ်ခိုင်းတယ်ဆိုတာ မမှန်ကန်ပါဘူး။ ဟုတ်လည်းမဟုတ်ပါဘူး။ သမီးလေးဟာ ကျွန်မတို့ဌာနရဲ့ ဝန်ထမ်းမဟုတ်ပါဘူး။ အဲဒီတိုက်ခန်းကို ကျွန်မတို့ ဝန်ထမ်းတွေနေရာချထားဖို့အတွက် ကျွန်မတို့က သမီး စုပုံချစ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်ကတည်းက ပထမအကြိမ် တရားဝင်အကြောင်းကြားခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီနောက်မှာလည်း နှစ်ကြိမ်ထပ်မံပြီး အကြောင်းကြားခဲ့ပါသေးတယ်။ ဆန္ဒဖော်ထုတ်ပွဲတွေ မစခင်ကတည်းက အကြောင်းကြားခဲ့တဲ့ကိစ္စကို အဲဒီနောက်မှ ဖေဖော်ဝါရီလအတွင်းမှာ စတင်ဖြစ်ပွားခဲ့တဲ့ ဆန္ဒဖော်ထုတ်ပွဲတွေမှာ ပါဝင်လို့ တိုက်ခန်းကနေ ဖယ်ခိုင်းတယ်ဆိုတာ ဘယ်လိုမှ မသက်ဆိုင်ပါဘူး"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွယ်က ပြောသည်။


ညွှန်ကြားရေးမှူး
ဒေါ်သင်းသင်းနွယ်။

လူမှုကွန်ရက်ပါ မစုပုံချစ်အား နေထိုင်ခွင့်ပြုထားသည့် ရန်ကုန်မြို့ရှိ တိုက်ခန်းသည် ပညာရည်ထူးချွန်သည့် မစုပုံချစ်အား ပညာသင်ကြားရာတွင် လွယ်ကူချောမွေ့စေရန် ရွှေဂုံတိုင် ဝန်ထမ်းအိမ်ရာများမှ တိုက်ခန်းတစ်ခန်းအား ခေတ္တနေထိုင်ခွင့်ပြုခဲ့ခြင်းသာဖြစ်သည်။

"ကျွန်မတို့ဝန်ကြီးဌာနက ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့မှာ ထူးချွန်မသန်စွမ်းစာရင်းတွေကို သက်ဆိုင်ရာကဏ္ဍအလိုက် တောင်းခံတဲ့အခါ သမီးလေးစုပုံချစ်လည်း ပါဝင်ခဲ့တယ်။ သမီးက ညောင်တုန်းက ဖြစ်တယ်။ ဒါကြောင့် သမီးလေး ပညာဆက်လက်သင်ကြားတဲ့နေရာမှာ လွယ်ကူစေဖို့ ရန်ကုန်က ဌာနပိုင်ဝန်ထမ်းအိမ်ရာတိုက်ခန်းမှာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလကတည်းက ခေတ္တနေထိုင်ခွင့်ပြုခဲ့ခြင်းသာ ဖြစ်ပါတယ်။ အခုဟာကလည်း ကျွန်မတို့ဝန်ကြီးဌာနက ရန်ကုန်မှာ ပြည်သူ့အကျိုးပြု စောင့်ရှောက်ရေးဂေဟာတွေ၊ ဌာနတွေပါ တိုးချဲ့ဖွင့်လှစ်တဲ့အတွက် နိုင်ငံ့တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းတွေနေထိုင်ဖို့အတွက် ခေတ္တနေထိုင်ခွင့်ပြုထားတဲ့ သမီးလေး စုပုံချစ်ကို ဖယ်ရှားပေးဖို့ ဌာနအနေနဲ့ တောင်းဆိုခဲ့ရခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခင်က ရန်ကုန်မြို့ပေါ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်းများ၊ လူငယ်သင်တန်းကျောင်းများ၊ ကလေးပြုစုရေးဌာနများသာ ရှိခဲ့သော်လည်း ယခုအခါ ယင်းဌာနများအပြင် ဘိုးဘွားများနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ၊ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရင်းအမြစ်ဌာနနှင့် နားမကြားသော ကလေးများကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ထိုသို့ ဌာနများ တိုးချဲ့ဖွင့်လှစ်မှုနှင့်အတူ ဝန်ထမ်းအင်အားမှာလည်း ယခင်က ၈၅၀ သာရှိခဲ့ရာမှ ယခုအခါ ဝန်ထမ်းအင်အားမှာ ၁၀၀၉ ဦးထိ တိုးချဲ့ခန့်ထားခြင်းကြောင့် ဝန်ထမ်းများ နေထိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ဖော် (ကလေး)**

## ကတ္တရာလမ်းသစ်ဖွင့်

**ပေါင် မတ် ၃၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ကြယ်မြင့်မိုရ်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့သည့် မွန်ပြည်နယ် ပေါင်မြို့နယ် ဖြူဘ-သဲကုန်း ကတ္တရာလမ်းသစ် အရှည်သုံးမိုင်ကျော် ဖွင့်ပွဲကို မတ် ၂၇ ရက်က ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**(ကြေးမုံ)**

စာအုပ်
စာပေ
လူ့မိတ်ဆွေ




# နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ရောက်ရှိ

**ချုံကျင်း မတ် ၃၁**

ကမ္ဘာ့အကြီးဆုံးနေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse-2 သည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ချုံကျင်းမြို့သို့ မတ် ၃၁ ရက် နံနက်ပိုင်းတွင်ရောက်ရှိခဲ့သည်။

အဆိုပါလေယာဉ်သည် မြန်မာနိုင်ငံ မန္တလေးမြို့မှ မတ် ၃၀ ရက် နံနက်ပိုင်းတွင် ထွက်ခွာပျံသန်းသွားခဲ့ပြီး ချုံကျင်းမြို့ ကျန်ပေနိုင်ငံတကာလေဆိပ်သို့ မတ် ၃၁ ရက် နံနက် ၁ နာရီ ၃၅ မိနစ်တွင်ရောက်ရှိသည်။ မန္တလေးမြို့မှ ချုံကျင်းမြို့သို့ စုစုပေါင်း ပျံသန်းချိန် ၁၉ နာရီ ကြာမြင့်ခဲ့သည်။

နေရောင်ခြည်စွမ်းအင်ဖြင့် ကမ္ဘာပတ်မည့်အဆိုပါလေယာဉ်သည် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့မှ မတ် ၉ ရက်တွင် စတင်ပျံသန်းခဲ့ပြီး ချုံကျင်းမြို့သည် လေယာဉ်၏ ကမ္ဘာပတ်ခရီးစဉ်တွင် ပဉ္စမမြောက် ရပ်နားသည့်မြို့ဖြစ်သည်။

ယင်းလေယာဉ်သည် ချုံကျင်းမြို့မှတစ်ဆင့် တရုတ်နိုင်ငံ နန်ကျင်းမြို့သို့ ဆက်လက်ပျံသန်းမည်ဖြစ်သည်။

**ဆင်ဟွာ။**

# အစ္စတန်ဘူလ်၌ အစိုးရရှေ့နေတစ်ဦးကို ဓားစာခံဖမ်းဆီးသည့် ဖြစ်ရပ်ဖြစ်ပွား

**အစ္စတန်ဘူလ် မတ် ၃၁**

တူရကီနိုင်ငံ၌ လက်ဝဲစွန်းရောက်အုပ်စုတစ်စုက အစ္စတန်ဘူလ်မြို့ရှိ တရားရုံး တစ်ရုံးအတွင်း အစိုးရရှေ့နေတစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးသည့်ဖြစ်ရပ် ဖြစ်ပွားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အစိုးရ ရှေ့နေတစ်ဦးအား ဓားစာခံအဖြစ် ဖမ်းဆီးမှုဖြစ်ပွားခဲ့ပြီးနောက် အထူးတပ်ဖွဲ့ဝင်များက တရားရုံးအတွင်းသို့ ဝင်ရောက်ခဲ့ပုံကို ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။

တရားရုံးအတွင်း ရှိနေသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဒိုဂန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဓားစာခံအဖြစ် အဖမ်းခံရသူမှာ အစိုးရရှေ့နေ မာမက်ဆေလင်ကီရက်ဇ်ဆိုသူဖြစ်သည်ဟု နိုင်ငံပိုင် တီအာရ်တီရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါ အစိုးရရှေ့နေမှာ ၂၀၁၃ ခုနှစ်က နိုင်ငံတစ်ဝန်း အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ချိန်အတွင်း ရဲတပ်ဖွဲ့၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသူ ဆယ်ကျော်သက်ရွယ် လူငယ်လေးတစ်ဦး၏ အမှုကို စုံစမ်းစစ်ဆေးနေသူ ဖြစ်သည်။

အစိုးရရှေ့နေအား ဓားစာခံဖမ်းဆီးသောအဖွဲ့မှာ ပြည်သူ့လွတ်မြောက်ရေးပါတီ တော်လှန်ရေးတပ်ဦးအမည်ရှိအဖွဲ့ဖြစ်ပြီး မြေအောက် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ၎င်းတို့ ဖမ်းဆီးထားသော ဓားစာခံကို သတ်ဖြတ်ပစ်မည်ဟု ယင်းအဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက်မှ တစ်ဆင့်ခြိမ်းခြောက်ခဲ့သည်။

**ရိုက်တာ။**



# ထိုင်းဝန်ကြီးချုပ် စစ်အုပ်ချုပ်ရေးဥပဒေ ရုပ်သိမ်းရန်စီစဉ်

**ဗန်ကောက် မတ် ၃၁**

ထိုင်းနိုင်ငံဝန်ကြီးချုပ်က မိမိအနေဖြင့် စစ်အုပ်ချုပ်ရေးဥပဒေကို ပြန်လည်ရုပ်သိမ်းရန် ထိုင်းဘုရင်မင်းမြတ်ထံ တောင်းဆိုခဲ့သည်ဟု ထုတ်ဖော်ပြောကြားသည်။

ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက စစ်အုပ်ချုပ်ရေးဥပဒေကို ရုပ်သိမ်းရန် ထိုင်းဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်ထံ ခွင့်ပြုချက်တောင်းခံထားခဲ့ပြီး ရုပ်သိမ်းမည်၊ မရုပ်သိမ်းမည်ကို ဘုရင်က ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း မတ် ၃၁ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။

စစ်အုပ်ချုပ်ရေးဥပဒေ၏ အာဏာသည်ကျယ်ပြန့်ပြီး လွတ်လပ်စွာပြောရေးဆိုခွင့်ကို ပိတ်ပင်တားမြစ်ခြင်း၊ နိုင်ငံရေးသမားများကို ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် လူငါးယောက်ထက်ပိုမိုစုဝေးခွင့်ကို တားမြစ်ကန့်သတ်ထားခြင်းများပါဝင်သည်။

ဝန်ကြီးချုပ်က စစ်အုပ်ချုပ်ဥပဒေရုပ်သိမ်းသည့် ကြေညာချက်ကို မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး အချက်(၄၄)ချက်ပါဝင်သော ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြဋ္ဌာန်းပေးသွားမည်ဟု ဆိုသည်။

လွန်ခဲ့သည့်နှစ် မေလတွင် ပြဿနာပတ်လည်ဝိုင်းနေသော ယင်လပ်ရှင်နာဝပ်ထရာအစိုးရကို ထိုင်းတပ်မတော်က အာဏာသိမ်းဖယ်ရှားခဲ့ပြီး စစ်အုပ်ချုပ်ရေးဥပဒေဖြင့် အုပ်ချုပ်ခဲ့သည်။ အဆိုပါ စစ်ဘက်က အာဏာသိမ်းမှုသည် ထိုင်းနိုင်ငံတွင် နှစ်ပေါင်း ၈၀ အတွင်း (၁၂) ကြိမ်မြောက်ဖြစ်သည်။

**ဗွီအိုအေ။**

# နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၌ ပါလက်စတိုင်း အဖွဲ့ဝင်အဖြစ်ဝင်ရောက်

**ရာမာလာ မတ် ၃၁**

ပါလက်စတိုင်းအာဏာပိုင်အဖွဲ့သည် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး(အိုင်စီစီ)တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင် ဝင်ရောက်ခွင့်ရရှိပြီဖြစ်ကြောင်း ပါလက်စတိုင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက မတ် ၃၁ ရက်တွင် ပြောကြားသည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့သည် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးတွင် အဖွဲ့ဝင်ဖြစ်လာခြင်းဖြင့် အစ္စရေးနိုင်ငံအား စစ်ရာဇဝတ်မှုများဖြင့် တရားစွဲဆိုနိုင်ရန် လမ်းပွင့်သွားပြီဖြစ်သည်။ ထို့အပြင် ပါလက်စတိုင်းနိုင်ငံတော်အဖြစ် တရားဝင်အသိအမှတ်ပြုခံရရေးအတွက် သံတမန်ရေးနှင့် တရားဥပဒေရေးအရ လှုပ်ရှားဆောင်ရွက်ချက်ကို အရှိန်အဟုန်မြှင့်တင်သည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။

အိုင်စီစီတွင် အဖွဲ့ဝင်ဖြစ်လာခြင်းကြောင့် ပါလက်စတိုင်းနှင့် အစ္စရေးအကြား ဆက်ဆံရေး ပိုမိုဆိုးရွားလာနိုင်သည်ဟု နိုင်ငံရေးဆန်းစစ်သူများက ပြောကြားကြသည်။

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့အခြေစိုက် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၌ အဖွဲ့ဝင်ဖြစ်လာခြင်းဖြင့် အစ္စရေးတာဝန်ရှိသူများအား စစ်ရာဇဝတ်မှုဖြင့် တရားစွဲဆိုနိုင်မည်ဖြစ်သည်။

**ပီတီအိုင်။**

# နီပေါတောင်ပိုင်းရှိ မြို့တစ်မြို့၌ ကြံ့ရိုင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံး

**ဟီတော်ဒါ မတ် ၃၁**

နီပေါနိုင်ငံတောင်ပိုင်းရှိ မြို့တစ်မြို့၌ မတ် ၃၀ ရက် နံနက်ပိုင်းက ကြံ့ရိုင်းတစ်ကောင်၏ တိုက်ခိုက်ခံရမှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ အဆိုပါ ကြံ့ရိုင်း၏ တိုက်ခိုက်မှုကြောင့် မြို့တွင်း၌ ကသောင်းကနင်းဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူမှ မိုင် ၅၀ ခန့်အကွာ ဟီတော်ဒါမြို့သို့ ကြံ့ရိုင်းတစ်ကောင် ဝင်ရောက်လာခဲ့ကြောင်း၊ ယင်းကြံ့ရိုင်းသည် မြို့တွင်းရှိ ဆေးရုံ၊ ဘတ်စ်ကားဂိတ်နှင့် ဈေးတစ်ဈေးအတွင်းသို့ ဝရုန်းသုန်းကား ဝင်ရောက်လာခဲ့ရာ လူအများမှာ ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့ရကြောင်း၊ ယင်းကြံ့ရိုင်းသည် မော်တော်ဆိုင်ကယ်များ နောက်မှလည်း ပြေးလိုက်ရန်ပြုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။



ပြည်သူများက ၎င်းတို့၏ လက်ကိုင်ဖုန်းနှင့် ဗီဒီယိုကင်မရာတို့ဖြင့် မြို့တွင်းသို့ ကြံ့ရိုင်းဝင်ရောက်မှုများကို မှတ်တမ်းတင်ခဲ့ကြကာ အင်တာနက် လူမှုကွန်ရက်များတွင် ဖော်ပြခဲ့ကြကြောင်း သိရသည်။

**ပီတီအိုင်။**

# အာရှချည်မျှင်နှင့်အထည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်း

**ရန်ကုန် မတ် ၃၁**

SWITCH-Asia မှ ILO Myanmar နှင့် ပူးတွဲကျင်းပသော အာရှချည်မျှင်နှင့် အထည်လုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းနှင့် ကွန်ရက်ချိတ်ဆက်ပွဲကို မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပခဲ့ပြီး အခမ်းအနားဖွင့်ပွဲကို မတ် ၃၀ ရက် နံနက်က ရန်ကုန်မြို့ တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ Best Western Hill Hotel ၌ကျင်းပရာ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ် Roland Kobia၊ ILO မှ အကြီးတန်း နည်းပညာအကြံပေး အရာရှိချုပ် Mrs. Michal Strahilevitz Ben-Eliezer၊ SWITCH-Asia Network Facility မှ အဖွဲ့ခေါင်းဆောင် Dr. Uwe Weber၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးတို့က အဖွင့်မိတ်ဆက်စကား အသီးသီး ပြောကြားခဲ့ကြသည်။

"ဒီနေ့ကျင်းပတဲ့ပွဲက အလုပ်ရုံဆွေးနွေးပွဲလို့ ပြောရမှာပါ။ မြန်မာနိုင်ငံအနေနဲ့ အထည်ချုပ်လုပ်ငန်းမှာ EU ရဲ့ အခွန်သက်သာခွင့်ကို ရရှိပြီဖြစ်တဲ့အတွက် အထည်ချုပ်လုပ်ငန်းတွေ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေဖို့ ဆွေးနွေးကြတာပါ။ အရင်ကဆိုရင် မြန်မာနိုင်ငံအနေနဲ့ အာရှဈေးကွက်ကိုပဲ အားထားရတယ်။ ဂျပန်တို့၊ ဟောင်ကောင်တို့ပေါ့။ အခုဆိုရင် ဥရောပဈေးကွက်ကို တင်ပို့လို့ရပါပြီ။ အထည်ချုပ်ဈေးကွက်မှာ အမေရိကနဲ့ ဥရောပက ဈေးကွက်အကြီးမားဆုံးပဲ။ မြန်မာနိုင်ငံမှာလည်း သီလဝါမှာဆိုရင် ဟောင်ကောင်နဲ့ ဂျပန်က အထည်ချုပ်လုပ်ငန်းတွေ အများကြီးဝင်လာပါပြီ။ အထည်ချုပ် လုပ်ငန်းတွေဟာ လုပ်သားအများကြီးကို အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေးနိုင်တဲ့အတွက် ဒီလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ လျှပ်စစ်မီးသုံးစွဲမှုမှာလည်း အခြားစက်ရုံ အလုပ်ရုံတွေထက် အများကြီးသက်သာပြီး လုပ်သားအများကြီးကို အလုပ်အကိုင်ရရှိစေမှာ ဖြစ်ပါတယ်။ အခုဆိုရင် အိမ်နီးချင်း ထိုင်းနိုင်ငံအနေနဲ့ သူ့ရဲ့ထုတ်ကုန်တွေအပေါ် အခွန်သက်သာခွင့် ကုန်ဆုံးသွားပြီဖြစ်တဲ့အတွက် အဲဒီနိုင်ငံတွေမှာရှိတဲ့ အထည်ချုပ်လုပ်ငန်းတွေ မြန်မာနိုင်ငံမှာ အများကြီးရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာကြပါလိမ့်မယ်" ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အဆိုပါအခမ်းအနားသို့ တက်ရောက်စဉ် ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် "အထည်ချုပ်လုပ်ငန်းတွင် ရေရှည်တည်တံ့သော ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု၊ မြန်မာနိုင်ငံအပါအဝင် အာရှဒေသများတွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး"ကို နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်ကလည်းကောင်း၊ "EU မှ ရေရှည်တည်တံ့သော ချည်မျှင်နှင့် အထည်လုပ်ငန်းအစီအစဉ်များ" ကို EU မှ အရာရှိ Alina Neacsu ကလည်းကောင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ လက်လုပ်ချည်ထည်များအကြောင်း၊ မွန်းလွဲပိုင်းတွင် အာရှနှင့်ဥရောပ ဈေးကွက်များရှိ အထည်လုပ်ငန်းများတွင် ရေရှည်တည်တံ့မှု၊ ထုတ်လုပ်မှုအားနှင့် စက်ရုံအခက်အခဲများ၊ အလုပ်အကိုင်ကောင်းများ ရရှိစေရေးနှင့် ကောင်းမွန်သည့် ကုန်ပစ္စည်းထုတ်လုပ်မှုစီးပွားရေး၊ ရေရှည်တည်တံ့သော လက်လုပ်ချည်ထည်များ SWITCH-Asia စီမံကိန်းများအကြောင်း တင်ပြချက်တို့ကို ဆွေးနွေးတင်ပြခဲ့ကြပြီး မတ် ၃၁ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(၀၀၁)**

# ထိုင်းအဆိုတော် "ထုံချိုင်း" မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်

**ရန်ကုန် မတ် ၃၁**

ထိုင်းနိုင်ငံတွင်သာမက မြန်မာနိုင်ငံမှာရှိတဲ့ အနုပညာချစ်ပရိသတ်တွေရဲ့ အချစ်တော် ထိုင်းနိုင်ငံရဲ့ နာမည်ကြီး တေးသံရှင်တစ်ဦးဖြစ်တဲ့ မြန်မာပရိသတ်တွေက "ထုံချိုင်း"လို့ ချစ်စနိုးခေါ်တဲ့ P' BIRD Thongchai ဟာ မတ် ၂၉ ရက် မွန်းလွဲပိုင်းမှာ လေကြောင်းခရီးမှတစ်ဆင့် မြန်မာနိုင်ငံကို ရောက်ရှိခဲ့ပါတယ်။

၁၉၈၅ ခုနှစ်ကစလို့ အနုပညာလောကထဲ ဝင်ရောက်လာတဲ့ P' BIRD Thongchai ဟာ ယနေ့အချိန်ထိ တေးစီးရီး အယ်လ်ဘမ်ပေါင်း ၂၀ ကျော်ထုတ်လုပ်နိုင်ခဲ့ပြီး ပရိသတ်တွေရဲ့ ချစ်ခင်မှုရရှိနေဆဲ တေးသံရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို မြှင့်တင်ဖို့နဲ့ နှစ်နိုင်ငံယဉ်ကျေးမှုတွေကို ဖလှယ်ဖို့ရည်ရွယ်ချက်နဲ့ ရောက်ရှိလာတဲ့ P' BIRD Thongchai ဟာ တော်ဝင်ဂါးဒင်းဟိုတယ်မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ "မြန်မာနိုင်ငံမှာ လည်စရာ၊ လေ့လာစရာ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ မြန်မာနိုင်ငံရဲ့ တိုးတက်မှုတွေကို မြန်မာလူမျိုးတွေကိုယ်စား ထိုင်းမှာပြန်ပြီး ဖလှယ်မယ်၊ ပြောပြမယ်" ဟု P' BIRD Thongchai က ပြောပြသွားပါတယ်။

မြန်မာနဲ့ ထိုင်းဆိုတာ အာရှနိုင်ငံသားချင်းဖြစ်တဲ့အပြင် ဘာသာတရားကိုင်းရှိုင်းပုံမှာလည်း တူညီတယ်လို့ ဆိုပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာရှိတဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း သွားရောက်ဖူးမြော်ဦးမှာ ဖြစ်တယ်လို့ သိရပါတယ်။

ထုံချိုင်း မြန်မာနိုင်ငံရောက်ရှိဖြစ်ခဲ့ပုံကတော့ တော်ဝင်ဂါးဒင်းဟိုတယ်နဲ့ Grammy Public Company တို့ ပူးပေါင်းပြုလုပ်တဲ့ Fun & Friendship Experience Exchange Program ရဲ့ ဒုတိယအစီအစဉ်အရ ဖြစ်ပါတယ်။ ပထမအစီအစဉ်အနေနဲ့ တော်ဝင်စင်တာရဲ့ နှစ်စဉ်ပြုလုပ်တဲ့ ပရိမိုးရှင်းအစီအစဉ်အရ ကံထူးသူ ၁၂ ဦးကို မတ် ၁ ရက်ကပြုလုပ်တဲ့ ထုံချိုင်းဖျော်ဖြေတဲ့ပွဲကို ထိုင်းနိုင်ငံမှာ အခမဲ့သွားရောက်ကြည့်ရှုစေခဲ့တာဖြစ်ပါတယ်။



အသက်အရွယ်အားဖြင့် (၅၇)နှစ်ရှိနေပြီဖြစ်သော်လည်း လူငယ်တစ်ဦးလို အမြဲနုပျိုတက်ကြွနေပြီး ပရိသတ်အချစ်ကို ရရှိနေဆဲဖြစ်တဲ့ သူက အခုလို နုပျိုနေရတဲ့ လျှို့ဝှက်ချက်နဲ့ပတ်သက်ပြီး "ဂီတနဲ့အချစ်က နုပျိုစေတယ်။ ဘယ်အရာကိုမဆို အကောင်းမြင်တတ်တဲ့ စိတ်ထားပါတယ်။ အားကစားလည်းလုပ်ပါတယ်"လို့ ထုံချိုင်းက ဆိုပါတယ်။

သူဟာ မြန်မာပြည်မှာရှိနေစဉ် တော်ဝင်ဂါးဒင်းဟိုတယ်မှာ တည်းခိုမှာဖြစ်ပြီး ထိုင်းနိုင်ငံ မဂ္ဂဇင်းတစ်စောင်အတွက် Fashion ဓာတ်ပုံများရိုက်ကူးရင်းနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ တန်ခိုးကြီးဘုရားတွေနဲ့ ယဉ်ကျေးမှုတွေကို လေ့လာသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**(သတင်းနှင့် ဓာတ်ပုံ-သီသီမင်း)**

# နှစ်သစ်ကို ဂီတနှင့်အတူကြိုမည့် တီးဝိုင်းများ

ခင်ဇာလီ

**မြန်မာတို့ရဲ့ သင်္ကြန်ပွဲတော် နီးလာလေပြီ။ အားလုံးရဲ့ရင်ထဲမှာ အပျော်တွေကိုယ်စီနဲ့ နှစ်သစ်ကို ကြိုဆိုကြတော့မည်။ နှစ်ဟောင်းမှ စိတ်ပင်ပန်းနွမ်းနယ်ခဲ့ရခြင်းတွေကို အတာရေနဲ့အတူ မြန်မာနိုင်ငံမှ Music Band တွေရဲ့ တီးခတ်မှု၊ တေးသံရှင်တွေရဲ့ သီဆိုဖျော်ဖြေမှုတွေနဲ့ စိတ်ရွှင်လန်း ချမ်းမြေ့ပျော်ရွှင်ပါစေကြောင်း ရည်ရွယ်ဖော်ပြလိုက်ပါသည်။**



တေးသံရှင် ဝိုင်ဝိုင်း



တေးသံရှင် ဇော်ဝင်းထွဋ်





ဂီတာတီးခတ်သူ ကိုနိုင်ဇော်



ဂီတာတီးခတ်သူ ကိုမင်းဦး



drum တီးခတ်သူ ကိုဂျပန်

"သင်္ကြန်အကြို ၁၂ ရက်မှာတော့ MCC ခန်းမမှာ ပွဲလုပ်မယ်။ နေ့ခင်းဖြစ်နေတော့ နေကလည်း ပူခြစ်နေမှာ။ အဲဒါနဲ့ နေရာလေး တစ်ချက်ညှိပြီး စီစဉ်နေတယ်။ သင်္ကြန်တွင်းမှာတော့ Emperor တီးဝိုင်းအဖွဲ့နဲ့အတူ ချောင်းသာမှာ ရှိနေမယ်။ စောခူဆဲတို့မိသားစုရယ်၊ လင်းလင်းနဲ့ ချစ်သုဝေ၊ ဂျီလတ်လည်း ပါမယ်။ မိသားစုတွေစုပြီး အပန်းဖြေခရီးသွားကြရင်းနဲ့ ညဘက် သောင်ပြင်မှာ သီချင်းတွေဆိုဖို့ စီစဉ်ထားကြတယ်။ ဒါပေမယ့် အပြင်မှာလည်း ပရိသတ်ကရှိနေတော့ ပရိသတ်ကိုပါ ဖျော်ဖြေဖို့ စဉ်းစားလိုက်တော့ မထူးဘူးဆိုပြီး စက်ပစ္စည်းတွေကို ကြိုပို့ထားလိုက်တယ်။ သောင်ပြင်မှာ free ပုံစံနဲ့ပဲ ချောင်းသာက ပရိသတ်တွေကို ဖျော်ဖြေသွားမှာပါ" ဟု Emperor တီးဝိုင်းအဖွဲ့မှ တေးသံရှင် ဇော်ဝင်းထွဋ်က ပြောသည်။

"မနှစ်ကရော ဒီနှစ်ကော ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်နဲ့အတူ Lazy Club အဖွဲ့သားတွေ ရှိနေမှာပါ။ ရန်ကုန်သားဆိုတော့ ရန်ကုန်က ပရိသတ်တွေရှေ့မှာ တီးရတာ ပျော်စရာပါ။ အဆိုတော်တွေကတော့ ခိုင်ထူး၊ ဝေလ၊ အိမ့်ချစ်၊ ပိုးအိစံ၊ ရဲရင့်အောင်၊ နန်းထက်ထက်၊ သူထက်အောင်တို့နဲ့အတူ သီဆိုဖျော်ဖြေကြမှာပါ"ဟု Lazy Club မှ ဂီတာတီးခတ်သူ ကိုနိုင်ဇော်က ပြောသည်။

"The Tree Mutsic Band က ဒီနှစ်သင်္ကြန်ကို တေးသံရှင် ဘိုဘိုဟန်၊ ခန့်စည်သူ၊ ဖိုးကာ၊ ဟဲလေး၊ ဟန်ထွန်း၊ little ကောင်းမြတ်၊ နန္ဒစိုင်း၊ အစိုင်း၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ နန်းခင်ဇေယျာတို့နဲ့အတူ မန္တလေး Alpine မဏ္ဍပ်မှာရှိနေမှာပါ။ တီးဝိုင်းအဖွဲ့က တစ်ရက်ကြိုပြီး ၁၂ ရက်မှာ ရောက်မယ်။ ၁၂ နှစ်တိတိ နှစ်စဉ်တွေ့နေကြ မန္တလေးက ပရိသတ်ကို ဒီနှစ်မှာလည်း မရိုးနိုင်အောင် ဆုံကြဖို့ အသင့်ပြင်ထားပါလို့ မန္တလေးက ပရိသတ်တွေကို ပြောချင်ပါတယ်"ဟု The Tree Band မှ ဂီတာတီးခတ်သူ ကိုမင်းဦးက ပြောသည်။

"ကျွန်တော်တို့ ဒီနှစ်သင်္ကြန်ကို မနှစ်ကလိုပဲ ကျွန်တော်တို့ Idiots ရယ်၊ BigBag၊ Reason၊ Wanted ရယ် band လေးဖွဲ့ပေါင်းပြီး SIR နာမည်နဲ့ မန္တလေးကျုံးမြောက်ဘက်ခြမ်းမှာ ဖျော်ဖြေကြမှာပါ။ အဲဒီဘက်မှာက ကျွန်တော်တို့ မဏ္ဍပ်တစ်ခုပဲ ရှိတာ။ မန္တလေးက ပရိသတ်တွေ အများကြီး လာအားပေးကြလို့ မနှစ်ကဆို လမ်းတွေပိတ်ကုန်တယ်။ အဲဒါကြောင့် တာဝန်ရှိသူတွေနဲ့ ဖြေရှင်းခဲ့ရသေးတယ်။ အမှတ်တရတွေပေါ့။ ဒီလ ၂၈ ရက် ရန်ကုန်ကန်တော်ကြီးမှာ SIR အဖွဲ့နဲ့ ဖျော်ဖြေပွဲကြီး လုပ်တယ်။ လာမယ့် ၇ ရက်ကျရင် မန္တလေးမှာ ဖျော်ဖြေပွဲဆက်လုပ်မယ်။ ပြီးရင် မန္တလေးမှာပဲ သင်္ကြန်ကို ကြိုတော့မှာပါ"ဟု Idiots တီးဝိုင်းအဖွဲ့မှ drum တီးခတ်သူ ကိုဂျပန်က ပြောသည်။

"သင်္ကြန်မှာ ပရိသတ်တွေအားလုံး မျှော်စင်ကျွန်းကိုလာခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော့်ညီအစ်ကိုတွေ ကိုလေးဖြူ၊ ကိုအငဲ၊ ကိုမျိုးကြီးရယ်၊ ကျွန်တော်ရယ် အမျိုးသမီးနှစ်ယောက်ရယ် ကျွန်တော်တို့အားလုံး မျှော်စင်ကျွန်းမှာ အင်တိုက်အားတိုက် ဆိုကြတီးကြမှာပါ။ ဒါကြောင့် ပရိသတ်တွေကို တစ်ရက်လောက်တော့ အသေအချာလာခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု Iron Cross Band မှ တေးသံရှင် ဝိုင်ဝိုင်းက ပြောသည်။

Iron Cross Band သည် IBTC ကုမ္ပဏီနှင့် တွဲဖက်၍ မျှော်စင်ကျွန်း၌ နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီထိ တစ်ကြိမ်၊ ညနေပိုင်းအစီအစဉ်ကို ညနေ ၃ နာရီမှ ၆ နာရီထိ တစ်ကြိမ်ဖြင့် နေ့စဉ်သင်္ကြန်ရက်များတွင် ဝင်ကြေးအခမဲ့ဖျော်ဖြေပေးသွားမည်ဟုသိရသည်။ ၎င်းတို့နှင့်အတူ ဒီဂျေ သော်သော်၊ ဒီဂျေသော်လေးနှင့် နိုင်ငံတကာ ဒီဂျေများဖြစ်သည့် ဒီဂျေ Dan၊ ဒီဂျေ Yukie၊ ဒီဂျေ Athena တို့ကလည်း ဖျော်ဖြေသွားမည်ဟု သိရသည်။

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၁-၄-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော် | | -တတိယနှစ်(ရက္ခပဗေဒအထူးပြု) (ရက္ခပဗေဒ) |
| ၆း၁၀ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ (အပိုင်း-၁၂) | ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၆း၃၅ | သီချင်းကြီးပဒေသာ | ၉း၀၀ | ပြည်တွင်းသတင်း |
| ၆း၄၅ | ကမ္ဘောဇတစ်ခွင်ဘုရားဖူးခရီးစဉ် | | -ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ |
| ၂း၁၀ | "လေထဲကစာကြည့်တိုက်" | | -သုခုမရင်ခွင်အငြိမ့်သဘင် |
| ၂း၂၀ | ခါသင်္ကြန်အဆိုအကများ | | "ရွှေမြန်မာဟားညီအစ်ကိုအဖွဲ့" |
| ၂း၃၀ | Head Line NEWS | | (မင်းသမီး-ချစ်မိုးဆွေ၊ |
| ၂း၃၅ | မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့ | | လူရွှင်တော်-လှိုင်ဘွား၊ ဝမ်းတူး၊ မိုးလေး၊ ဂျယ်လီ) |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ | | (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |

# ဆန်းချက်ဇ်ကဲ့သို့ အင်္ဂလန်သို့ သွားရောက်ကစားမည်မဟုတ်ဟု နေမာဆို




လန်ဒန်၌ ကစားခဲ့သော တောင်အမေရိကအင်အားကြီး ဘရာဇီးနှင့် ချီလီတို့ပွဲတွင် ယခင်ဘာစီလိုနာ ကစားဖော်များဖြစ်ခဲ့သည့် နေမာနှင့် ဆန်းချက်ဇ်တို့ ပြိုင်ဘက်များအသွင် ပြန်လည်တွေ့ဆုံခဲ့ရာ နေမာက ဆန်းချက်ဇ်မှာ ၎င်း၏ အရေးပါသော မိတ်ဆွေအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သော်လည်း ချီလီကြယ်ပွင့်ကဲ့သို့ ဘာစီလိုနာကို ကျောခိုင်းသွားမည်မဟုတ်ဟု ဆိုခဲ့သည်။

ဆန်းချက်ဇ်နှင့် နေမာတို့သည် ဘာစီလိုနာတွင် ဘောလုံးရာသီ တစ်ရာသီခန့် အတူတကွ ဖြတ်သန်းခဲ့ဖူးသည်။ နောက်ပိုင်းတွင် ဆန်းချက်ဇ်သည် ပွဲထွက်ခွင့်တစ်နေရာအတွက် မက်ဆီ၊ နေမာတို့နှင့် ယှဉ်ပြိုင်နေရပြီး ပုံမှန်ပွဲထွက်ခွင့်ရရန် မသေချာသော အနေအထားကြောင့် ပုံမှန်ပွဲထွက်ခွင့်ရနိုင်သည့် အာဆင်နယ်သို့ ပြောင်းရွှေ့သွားခဲ့သည်။

အမ်းမရိတ်ကွင်း၌ ကစားခဲ့သည့် အဆိုပါပွဲတွင် ဘရာဇီးက ချီလီကို တစ်ဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ရရှိခဲ့ပြီး အသက် (၂၃)နှစ်အရွယ်ရှိ နေမာက ဆန်းချက်ဇ်သည် အာဆင်နယ်အတွက် အမှန်တကယ် တောက်ပနေသည့် ကြယ်ပွင့်တစ်ပွင့်ပင် ဖြစ်သည်ဟု ချီးကျူးခဲ့သည်။

နေမာသည်လည်း ဘာစီလိုနာသို့ ရောက်ရှိလာခဲ့သည့် ပထမဘောလုံးရာသီတွင် ပုံမှန်ခြေစွမ်းရရန် ရုန်းကန်နေခဲ့ရပြီး လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကလည်း ဘာစီလိုနာသို့ ရောက်ရှိလာရာ နေမာအနေဖြင့် ဆန်းချက်ဇ် လမ်းစဉ်အတိုင်း အင်္ဂလန်ကလပ်တစ်သင်းသို့ ပြောင်းရွှေ့သွားလိမ့်မည်ဟု သတင်းများ ထွက်ပေါ်ခဲ့ဖူးသည်။

နေမာက “ဆန်းချက်ဇ်က ဘာစီလိုနာမှာ ကျွန်တော့်အတွက် အရေးပါတဲ့ မိတ်ဆွေကောင်းပါ။ ကွင်းတွင်း၊ ကွင်းပြင်မှာ ကျွန်တော်တို့တွေ ပျော်ရွှင်စရာအချိန်တွေကို အတူတကွ ဖြတ်သန်းခဲ့ဖူးပါတယ်။ အာဆင်နယ်မှာ သူခြေစွမ်းပြကစားနိုင်တာတွေ့ရတော့ ကျွန်တော်သူ့အတွက် တကယ့်ကို ပျော်ရွှင်ရပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို အင်္ဂလန်မှာ လာရောက်ကစားမှာလားလို့ မေးခဲ့ရင်တော့ ဘာကာမှာ ပျော်ရွှင်နေသလို ဒီအသင်းအတွက်ပဲ အချိန်အကြာကြီး ကစားပေးချင်မိပါတယ်”ဟု ပြောကြားခဲ့သည်။

နေမာသည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာ၌ ပုံစံကောင်းတစ်ရပ်ကို ပြသနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ မပြီးဆုံးမီမှာပင် သွင်းဂိုး ၂၆ ဂိုးအထိ သွင်းယူပေးထားသည်။ **(မေလွဲသင်း)**

# ယှဉ်ပြိုင်မှုပုံစံကြောင့် ဖာဘရီဂတ်စ်၏ အရည်အသွေးပိုမိုမာကျောလာဟု ဒယ်လ်ဘော့စကေးပြောကြား

စပိန်အသင်းတွင် အရည်အသွေးမြင့် ကွင်းလယ်ကစားသမားများ များပြားနေမှုကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီး ကွင်းလယ်၌ ခြေစွမ်းပြနေသော ဖာဘရီဂတ်စ်အတွက် စပိန်လက်ရွေးစင်အသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့်ရရန် ရုန်းကန်နေရကြောင်း၊ ယင်းအတွက်ကြောင့်လည်း ဖာဘရီဂတ်စ်၏ အရည်အသွေးမှာ ပိုမိုမာကျောမှုရှိလာကြောင်း စပိန်နည်းပြ ဒယ်လ်ဘော့စကေးက ဆိုသည်။ ချယ်လ်ဆီးကစားသမား ဖာဘရီဂတ်စ်သည် စပိန်နှင့်ယူကရိန်းတို့ ယှဉ်ပြိုင်ကစားခဲ့သော ဥရောပဖလားခြေစစ်ပွဲတွင် ပွဲချိန်မိနစ် ၉၀ လုံး ဝင်ရောက်ကစားခွင့်မရဘဲ အရန်ခုံတွင်သာ ထိုင်နေခဲ့ရသည်။

ယင်းသို့ ဖာဘရီဂတ်စ်အနေဖြင့် ဝင်ရောက်ကစားခွင့် မရရှိခြင်းမှာ စပိန်ကွင်းလယ်၌ ဘာစီလိုနာ ကွင်းလယ်ကစားသမား သုံးယောက်တွဲဖြစ်သည့် ဇာဗီ၊ ဘက်စကွတ်ဇ်နှင့် အင်နီယေစတာတို့ကိုသာ နည်းပြ ဒယ်လ်ဘော့စကေးက ပိုမိုနှစ်သက်မှုရှိရာ စပိန်ကွင်းလယ် အင်ဂျင်၌ ဖာဘရီဂတ်စ်အနေဖြင့် ပုံမှန်ပွဲထွက်ခွင့်ရရန် ခက်ခဲလာသည်။



ဒယ်လ်ဘော့စကေးက “၂၀၁၂ ခုနှစ်လောက်က ကျွန်တော်တို့ ကွင်းလယ်ကစားသမား ခြောက်ယောက်ထားကစားတဲ့ ၄-၆-၀ ကစားကွက်မှာ ဖာဘရီဂတ်စ်က ပုံမှန်ပွဲထွက်ခွင့်ရတဲ့ ကစားသမားပါ။ အခုတိုက်စစ်ကစားကွက်ကို အသုံးပြုတဲ့ စနစ်မှာကျတော့ ကွင်းလယ်နေရာနည်းသွားတဲ့အတွက် သူ့အနေနဲ့ ကစားခွင့်ရချင်လည်းရမယ်။ ဒါမှမဟုတ် တခြားကစားသမားတွေကို သုံးချင်လည်းသုံးသွားမယ်။ ကျွန်တော်တို့အသင်းက ၂၀၁၄ ကမ္ဘာ့ဖလားမတိုင်မီက ကောင်းမွန်တဲ့ ချီးကျူးမှုတွေကိုချည်းရခဲ့ပြီး နောက်ပိုင်းမှာတော့ အနုတ်လက္ခဏာဆောင်တဲ့ ဝေဖန်မှုတွေကို ခံခဲ့ရတယ်။ ဒါတွေကို အပြောင်းအလဲအတွက်အချက်ပေးတပ်လှန့်မှုပဲလို့ ကျွန်တော် ခံယူထားပါတယ်”ဟု ဆိုသည်။

ဒယ်လ်ဘော့စကေးအနေဖြင့် မတ် ၃၁ ရက်တွင် ကစားမည့် နယ်သာလန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ကမ္ဘာ့ဖလားရှုံးကြွေးကိုဆပ်၍ လက်စားချေရန်ထက် ကစားကွက်အသစ်တစ်ခုကိုသာ ပြောင်းလဲကျင့်သုံးရန် ချမှတ်ထားပြီး ကစားသမားသစ် ဗီတိုလိုနှင့် ဂျူအန်မီတို့ကို ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခေါ်ယူထားသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်**
**စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ (USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | DVB-T2 Transmitter (USD) | 50 Sets |
| (ခ) | Radio FM Transmitter (USD) | 25 Sets |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁-၄-၂၀၁၅)ရက်မှ (၃၀-၄-၂၀၁၅)ရက်နေ့အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁-၅-၂၀၁၅)ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

**ပြည်ထဲရေးဝန်ကြီးဌာန**
**e-Passport ထုတ်လုပ်ရေးလုပ်ငန်းအတွက်**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်အား MRP (Machine Readable Passport) စနစ်မှ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် e-Passport စနစ်သို့ ကူးပြောင်းထုတ်လုပ်ရေးအတွက် နည်းပညာဆိုင်ရာစက်ပစ္စည်းများ တပ်ဆင်အသုံးပြုခြင်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များဦးဆောင်သည့် နည်းပညာကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ e-Passport လုပ်ငန်းအား ဆောင်ရွက်လိုသော ပြည်တွင်းမြန်မာနိုင်ငံသား နည်းပညာကျွမ်းကျင်သည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာကို ၂၀၁၅ခုနှစ်၊ ဧပြီလ(၆)ရက် (တနင်္လာနေ့)မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)တွင် ဝယ်ယူနိုင်ပြီး ၂၀၁၅ခုနှစ်၊ ဧပြီလ(၃၀)ရက် (ကြာသပတေးနေ့) ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား၍ ရုံးအမှတ်(၃၈)သို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ နည်းပညာလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်၊ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပနည်းပညာကုမ္ပဏီများ၏ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) သတင်းရဲတပ်ဖွဲ့ ဖုန်း၀၆၇-၄၁၁၅၆၇၊ ၀၆၇-၄၁၁၅၈၀
(ခ) မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနခွဲ ဖုန်း၀၁-၅၄၆၆၂၄

## စီးရီးအေရင်ခန့်သံ - ၂၉

အီတလီစီးရီးအေပြိုင်ပွဲရဲ့ပွဲစဉ် (၂၉)ကို လာမယ့် ဧပြီ ၄၊ ၅ ရက်တွေမှာ ကျင်းပသွားဖို့ ရှိပါတယ်။ အဆိုပါပွဲစဉ်တွေထဲမှာ ရိုးမားနဲ့ နာပိုလီတို့ ဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ အထူးသဖြင့် လေးပွဲဆက်တိုက် အနိုင်ပျောက်ဆုံးနေတဲ့ နာပိုလီတို့ နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။

### ရိုးမား-နာပိုလီ ညနေ ၅း၀၀ (၄-၄-၁၅)

ရိုးမားကနိုင်ပွဲပြန်ရခဲ့ပြီဆိုပေမယ့် ခြေစွမ်းပိုင်းက သာမန်ထက်မပိုဘူး။ ဒါပေမယ့် နာပိုလီကလည်း လေးပွဲဆက်တိုက် အနိုင်ပျောက်ခဲ့တဲ့အထိ ခြေပျက်နေသလို ဒီပွဲအပြီးမှာလည်း ကိုပါအီတာလီယာဖလားပွဲရဲ့ ဆီမီးအဆင့်ကို ကစားရမှာဖြစ်တာကြောင့် ခြေကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ ရိုးမားအတွက်အနိမ့်ဆုံးသရေပါ။

### ဗီရိုနာ-ဆီစီနာ ည ၇း၃၀ (၄-၄-၁၅)

ဆီစီနာကတန်းဆင်းဇုန်ထဲရောက်နေပြီး အခုနောက်ပိုင်း တန်းမဆင်းရဖို့ အားစိုက်နေရာမှာ ကစားပုံလည်းကောင်းနေပါတယ်။ ဒါပေမယ့် ဗီရိုနာက တန်းဆင်းဇုန်နဲ့ ကပ်နေတာကြောင့် အားစိုက်ကစားလာမှာပါ။ ဗီရိုနာရဲ့လက်ရှိခြေကလည်း မဆိုးသလို အိမ်ကွင်းမှာ ကစားရမှာလည်းဖြစ်တာကြောင့် ဗီရိုနာသာ ကပ်နိုင်သွားမှာပါ။

### ဆာစူအိုလို-ချီယေဗို ည ၇း၃၀ (၄-၄-၁၅)

ဆာစူအိုလိုရော ချီယေဗိုပါ တန်းမဆင်းရဖို့ လုံလောက်တဲ့ အမှတ်မရရှိသေးတာကြောင့် အားစိုက်ကစားကြမှာပါ။ လက်ရှိခြေစွမ်းပိုင်းအရ ချီယေဗိုက ပိုမိုကောင်းမွန်မှုရှိပြီး နောက်ဆုံးနှစ်ပွဲဆက်အနိုင်ရထားပေမယ့် ဆာစူအိုလိုကလည်း အိမ်ကွင်းကစားပုံကောင်းမွန်ပါတယ်။ သရေကျသွားဖို့ များပါတယ်။

### ကယ်ဂလီယာရီ-လာဇီယို ည ၇း၃၀ (၄-၄-၁၅)

လာဇီယိုက ဒီပွဲအပြီးမှာ နာပိုလီနဲ့ ကိုပါအီတာလီယာဖလားပွဲကစားရမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်လည်း အရေးပါနေချိန်ဖြစ်တာကြောင့် အမှားခံမှာ မဟုတ်ပါဘူး။ ကယ်ဂလီယာရီခြေကသာမန်ထက်နိမ့်လို့လည်း လာဇီယိုသာနိုင်ပွဲရမှာပါ။

### ပါလာမို-အေစီမီလန် ည ၇း၃၀ (၄-၄-၁၅)

ပါလာမိုက အခုနောက်ပိုင်းမှာ ကစားပုံအားနည်းလာပါတယ်။ အခုနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲလုံးဝမရခဲ့ပါဘူး။ အေစီမီလန်က ကစားပုံမငြိမ်ဘူးဆိုပေမယ့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးတဲ့ခြေက ပါလာမိုထက် ပိုကောင်းပါတယ်။ ပါလာမိုကွင်းဖြစ်ပေမယ့် အေစီမီလန် သရေလောက်ကစားသွားနိုင်မှာပါ။

### အင်တာမီလန်-ပါးမား ည ၇း၃၀ (၄-၄-၁၅)

အင်တာမီလန်ဟာ အခုနောက်ဆုံးကစားခဲ့တဲ့ လေးပွဲမှာ နိုင်ပွဲလုံးဝမရခဲ့ပါဘူး။ ဒါကြောင့် အခုလိုပွဲမျိုးမှာ အမှားအယွင်းအဖြစ်ခံမှာ မဟုတ်တာ သေချာပါတယ်။ အထူးသဖြင့် အသင်းအတွင်း အရှုပ်အထွေးများလွန်းနေတဲ့ ပါးမားရဲ့စွမ်းဆောင်မှုဟာ လုံးဝကောင်းမွန်ခြင်းမရှိတာကြောင့် ဒီပွဲမှာ အင်တာမီလန်ကပဲ နိုင်ပွဲရသွားဖို့ သေချာပါတယ်။

### အတ္တလန္တာ-တိုရီနို ည ၇း၃၀(၄-၄-၁၅)

အတ္တလန္တာက တန်းဆင်းဇုန်နဲ့ ကပ်နေတာကြောင့် အမှတ်ရအောင်ကြိုးစားကစားမှာပါ။ နောက်ဆုံးသုံးပွဲမှာလည်း အရှုံးမရှိအောင်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် တိုရီနိုရဲ့ခြေက အတ္တလန္တာထက် ပိုမိုကောင်းမွန်သလို ဥရောပဝင်ခွင့်မျှော်လင့်ချက်လည်း ရှိနေတာကြောင့် ခြေကုန်ထုတ်လာမှာပါ။ တိုရီနိုကပ်နိုင်ခြေရှိပါတယ်။

### ဂျီနိုအာ-အူဒီးနီးစ် ည ၇း၃၀(၄-၄-၁၅)

ဂျီနိုအာက အခုနောက်ပိုင်းမှာ ခြေစွမ်းကျဆင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက် အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် ဂျီနိုအာဟာ အိမ်ကွင်းကစားပုံကောင်းမွန်တတ်ပြီး ရလဒ်ဆိုးတွေကိုလည်း ရပ်တန့်ဖို့ကြိုးစားလာမှာ ဖြစ်တဲ့အပြင် အူဒီးနီစ်ကလည်း အဝေးကွင်းအားပျော့တတ်ပါတယ်။ ဂျီနိုအာကပ်နိုင်ဖို့ရှိတယ်။

### ဖီအိုရင်တီးနား-ဆမ်ဒိုးရီးယား ည ၁၁း၀၀(၄-၄-၁၅)

ဆမ်ဒိုးရီးယားရဲ့ခြေက အခုနောက်ပိုင်း အတော်လေး တည်ငြိမ်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက် အနိုင်ရခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ပါ မျှော်လင့်နေနိုင်ပါတယ်။ ဖီအိုရင်တီးနားကတော့ ဥရောပဝင်ခွင့်ရဖို့အရေးပါပေမယ့် ကိုပါအီတာလီယာဖလားပွဲ ကစားရဖို့ရှိလို့ ခြေကုန်ထုတ်ဖို့ခက်ပြီး သရေလောက်ပဲရဖို့ရှိတယ်။

### ဂျူဗင်တပ်-အမ်ပိုလီ နံနက် ၁း၃၀(၅-၄-၁၅)

ဂျူဗင်တပ်က ဒီပွဲအပြီးမှာ ကိုပါအီတာလီယာဖလားဆီမီးအဖြစ် ဖီအိုရင်တီးနားနဲ့ ကစားရမှာဖြစ်လို့ ခြေကုန်ထုတ်ဖို့ ခက်မှာပါ။ ဒဏ်ရာရကစားသမားတွေလည်း များနေပါတယ်။ ဒ့ါအပြင် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ အရှုံးမရှိခဲ့တဲ့ အမ်ပိုလီရဲ့ကစားအားကလည်း ကောင်းမွန်နေတာကြောင့် ဂျူဗင်တပ်အနိုင်ရရင်တောင် မပြတ်သားဘူး။ **(ရှိုင်းမင်းမင်း)**

ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏

# Gandamar Grand Ballroom ကို

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်

## Gandamar Wholesale Level (III)၌

၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




* အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ (၃၁,၀၀၀ Sqft )ရှိ ခန်းမကြီးထဲတွင် မင်္ဂလာ ဧည့်ခံပွဲများအတွက် လူဦးရေ ၁၂၀၀ဦး နှင့် Conference, Meeting, Seminar, Workshop,Product Launch များအတွက် လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။

* Fashion Show , Live Show, Stage Show များ ကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အပြင် ၂၀ ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။

  Dinner Party , Birthday Party , Staff Party နှင့် Gathering များလည်း ကျင်းပ ပေးနိုင်ပါသည်။

* Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေး ပါသည်။ ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။

Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.
gandamargrandballroom @ gmail.com.

# ပုလဲမြို့၌ အခြေခံစာကြည့်တိုက်ပညာရပ် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ပုလဲ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နှင့် ၃၂ မိုင်ကွာဝေးသည့် ပုံတောင်ခြေရှိ ကျေးလက်စာကြည့်တိုက်များ ရှင်သန်အောင်မြင်ရေးနှင့် စနစ်တကျစီမံခန့်ခွဲတတ်သော စာကြည့်တိုက်မှူးကောင်းများ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် သက္ကယ်ကျင်းကျေးရွာ 'အလင်းစေတမာန်' စာကြည့်တိုက်တွင် မတ် ၂၉ ရက် နံနက် ၁၀ နာရီက အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပုလဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးလက်စာကြည့်တိုက်များမှာ စာငှားသူ၊ စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှား လာမှုမှသည် တောင်ပေါ်ဒေသနေ မိဘပြည်သူများ၏အသိဉာဏ်ပညာ ဗဟုသုတများဖွံ့ဖြိုးလာပြီး လူမှုစီပွားဘဝမြင့်မားတိုးတက်လာစေရေးနှင့် စာကြည့်တိုက်ကို စနစ်တကျစီမံခန့်ခွဲတတ်သော စာကြည့်တိုက်မှူးကောင်းများ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"တောင်ပေါ်ဒေသမှာရှိတဲ့ ပြည်သူတွေဟာ အသိဉာဏ်ပညာဖွံ့ဖြိုးမှုအားနည်းပါတယ်။ ဒီနှစ် မေလထဲမှာလည်း ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနဲ့ ကဗျာရွတ်ဆိုပြိုင်ပွဲတွေကို ဆောင်ရွက်ဖို့ရှိပါတယ်။ မနှစ်ကတော့ တောင်ပေါ်ဒေသက ကျေးလက်စာကြည့်တိုက်များမှ ပြိုင်ပွဲဝင် ၄၀ ကျော်လောက် ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ တောင်ပေါ်ဒေသက စာကြည့်တိုက်တွေက ရှင်သန်စပြုလာပြီဖြစ်ပါတယ်။ ဘုန်းဘုန်းစာကြည့်တိုက်မှာဆိုရင် တစ်ရက်ပျမ်းမျှ စာငှားသူ ၆၀ ကျော် ပုံမှန်ရှိပါတယ်။ စာကြည့်တိုက်လုပ်ငန်းတွေကို စနစ်တကျလုပ်တတ်ကိုင်တတ်အောင် ယခုလို သင်တန်းမျိုးကို လာရောက်ဖွင့်လှစ်ပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်" ဟု ပုလဲမြို့နယ် သက္ကယ်ကျင်းကျေးရွာ 'အလင်းစေတမာန်' စာကြည့်တိုက်ကော်မတီ နာယကဆရာတော် ဦးဝိစိတ္တက မိန့်ကြားခဲ့သည်။

အဆိုပါ ဆရာတော် ဦးဝိစိတ္တအနေနှင့် ဝေဖန်ပိုင်းခြားပြီး ပင်ကိုအသိစိတ်ဖြင့်လူမှုစီးပွားဘဝဖွံ့ဖြိုးလာမှုမှသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဆရာတော် စာကြည့်တိုက် နွေရာသီမှာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲကို ကျင်းပပေးလျက်ရှိရာတွင် နှစ်နှစ်ရှိပြီဖြစ်သည်။

အဆိုပါသင်တန်းသို့ ပုလဲမြို့နယ်၊ ပုံတောင်ခြေရှိ ကျေးလက်စာကြည့်တိုက်များမှ သင်တန်းသား၊သင်တန်းသူ ၄၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**

# အင်းတော်ကြီးတွင် ပဲပိစပ်ပင်များ အဓိကထားစိုက်ပျိုး

**မိုးညှင်း မတ် ၃၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် မိုးစပါးရိတ်သိမ်းပြီးချိန် လယ်ယာမြေများပေါ်တွင် တောင်သူဦးကြီးများသည် ပဲငပိပြုလုပ်သော ပဲပိစပ်ပင်များကို အဓိကထားကာ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။



အင်းတော်ကြီးဒေသသည် ကချင်ပြည်နယ်၏ စပါးစိုက်ပျိုးမှုမှာ စတုတ္ထအထွက်တိုးရာ ဒေသတစ်ခုဖြစ်ကာ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ ခန့်ထွက်ရှိသည်။

အင်းတော်ကြီးဒေသတွင် ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၄၃ ရွာရှိပြီး စပါးစိုက် လယ်မြေဧကပေါင်း တစ်သိန်းခန့်ရှိရာ ယင်းလယ်ယာမြေများပေါ်တွင် မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် ပဲအမျိုးမျိုး၊ ဖရဲ၊ ပန်းအမျိုးမျိုးတို့ကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြသည်။

ယခုလက်ရှိတွင် အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်းရရှိသည့် ပဲပိစပ်ပင်များကို စိုက်ပျိုးလာကြရာ ပဲပိစပ်ပင်စိုက်ဧကမှာ ၂၀၀၀၀ကျော်ခန့်ရှိသည်။

"အရင်နှစ်တွေက ပဲပိစပ်တစ်တင်းကို ကျပ် ၁၆၀၀၀ ကျော်နှုန်းနဲ့ ရောင်းချရပါတယ်။ ဒီနှစ်မှာတော့ စိုက်ပျိုးသူများတဲ့အတွက် တစ်တင်းကို တစ်သောင်းခွဲဈေးလောက်တော့ ရောင်းရလိမ့်မယ်လို့ ထင်ပါတယ်။ အခုကျွန်မတို့လယ်မှာ စပါး ၁၀ ဧကကွင်းမှာ ခုနစ် ဧကကို ပဲပိစပ်ပင်တစ်မျိုးတည်းကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားပါတယ်။

"တစ်ဧက ပျမ်းမျှ တင်း ၂၀ နှုန်းလောက် ထွက်လိမ့်မယ်လို့ ခန့်မှန်းပါတယ်။ ပဲပိစပ်ပင်ရောင်းရငွေ အနည်းဆုံး ကျပ်သိန်း ၁၀၀ ကျော်လာက်တော့ ရနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်မတို့ မိသားစုရဲ့ မိုးစပါးရိတ်သိမ်းပြီးချိန်မှာ ဆောင်းသီးနှံအဖြစ် တစ်ပိုင်တစ်နိုင်စိုက်ပျိုးတဲ့ သီးနှံကနေ အပိုဝင်ငွေရပါတယ်။ ဒီထက်ပိုပြီး အထွက်နှုန်းကောင်းချင်တယ်ဆိုရင်တော့ သဘာဝဓာတ်မြေဩဇာတွေ ရွက်ဖျန်းအားတိုးဆေး ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲရမှာပါ။ ဒါပေမယ့် စိုက်ပျိုးငွေ ကုန်ကျစရိတ်များလွန်းတော့ မတတ်နိုင်ဘူး။ နိုင်ငံတော်က ရာသီချိန် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကြိုထုတ်ပေးမယ်ဆိုရင် ပဲစိုက်တောင်သူတွေအတွက် ပိုအဆင်ပြေမှာပါ" ဟု အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာနေ ပဲပိစပ်ပင်စိုက်ပျိုးသည့် တောင်သူဒေါ်ချိုမာမြင့်က ပြောသည်။

**(၀၅၈)**

# မြိတ်မြို့နယ်၌ နှစ်နိုင်ငံချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲကျင်းပမည်

**မြိတ် မတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့်ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်တို့အား မောင်နှမမြို့တော်အဖြစ် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၉ ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားပြီးဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နယ်စပ်ကုန်သွယ်ရေး အတွေ့အကြုံများ၊ ရိုးရာအစဉ်အလာယဉ်ကျေးမှုများ၊ ကုန်သွယ်မှုစွမ်းဆောင်ရည် မြှင့်တင်ရေး၊ ဒေသခံပြည်သူများ၏ ထုတ်ကုန်ပစ္စည်းများ ဖလှယ်ရေးတို့အတွက် နှစ်နိုင်ငံချစ်ကြည်ရေး OPOT ကုန်စည်ပြပွဲကို ဧပြီ ၄ ရက်မှ ၆ ရက်အထိ မြိတ်မြို့ ကမ်းနားလမ်းရှိ My-eikShoppingCenter တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲတွင် ပရာကျွတ်ခီရီခန်ခရိုင် OPOT လုပ်ငန်းရှင်များမှ ကုန်စည်ပြခန်းပေါင်း ၄၀ ဖြင့် ပရာကျွတ်ခီရီခန်ခရိုင်အတွင်း ထုတ်လုပ်သော လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပြသပေးသွားမည်ဖြစ်သည်။

ကုန်စည်ပြပွဲကျင်းပနေစဉ်အတွင်း စီးပွားရေးတွေ့ဆုံ ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ မောင်နှမမြို့တော်တည် ထောင်ခြင်း အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ်လည်းကောင်း ကုန်ပစ္စည်းများအား ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (မြိတ်ခရိုင်ပြန်/ဆက်)**



## ပြည်တွင်းရေးရာ

ဆောင်းပါး

# တော်လှန်ရေး၏သမိုင်းအစ တို့ခြေရာ

**ယမန်နေ့မှအဆက်**

ဤသို့ဖြင့် မြန်မာနိုင်ငံသည် ဂျပန်ကင်ပေတိုင်စစ်ပုလိပ်တို့ ကြီးစိုးလွှမ်းမိုးသော အသိမ်းပိုက်ခံ၊ အမြတ်ထုတ်၊ သွေးစုပ်၊ အခိုင်းခံ၊ ကိုလိုနီကျွန်ဘဝသို့ အသစ်တစ်ဖန် ပြန်လည်ကျရောက်လာရပြန်၏။ ဂျပန်တို့၏ လုယက်နှိပ်စက်အနိုင်ကျင့်၊ သတ်ဖြတ် ချွေးတပ်ဆွဲမှုများ နိုင်ငံတစ်ဝန်းလုံးလွှမ်းမိုးခဲ့ရာ ပြည်သူတစ်ရပ်လုံးသည် ဂျပန်ဆန့်ကျင်ရေးစိတ်ဓာတ်များ ပြင်းပြင်းထန်ထန် ပေါ်ပေါက်လာခဲ့တော့သည်။

ဂျပန်နိုင်ငံ၏ စစ်ရေးအကျပ်အတည်းများတွင် မြန်မာပြည်သူများကို အယုံသွင်းနှစ်သိမ့် မျက်စိလည်စေရန် ဂျပန်တပ်မတော်၏ စစ်ဌာနချုပ်က ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန်အတွက် အမိန့်စာထုတ်ပြန်ခဲ့သည်။ သို့ပေမယ့် ဂျပန်ငပုတို့ ရွေးချယ်ခဲ့သည့် အုပ်ချုပ်ပုံအခြေခံဥပဒေတွင် ယင်းတို့၏ လက်ပါးစေရုပ်သေးအစိုးရအသွင်သာဖြစ်ခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ အခြေခံဥပဒေကိုရေးဆွဲပြီးနောက် ၁၉၄၃ ဩဂုတ် ၁ ရက်တွင် အတုအယောင် ရွှေရည်စိမ်လွတ်လပ်ရေးကို ပေးခဲ့သည်။ အတုအယောင် လွတ်လပ်ရေးမှန်း ပြည်သူများသိကြသည်။

လွတ်လပ်ရေးပေးပြီးနောက် ဂျပန်တပ်မတော်မှ ဗိုလ်ချုပ်ဆကူရိုင်းကို ကူတာရှိသည် ဗမာ့တပ်မတော်အတွက် အကြံပေးအရာရှိဖြစ်၏။ ယင်းဗမာ့တပ်မတော်၏ လှုပ်ရှားမှုမှန်သမျှကို သတင်းထောက်တစ်ဦးလို စေ့စေ့စပ်စပ် အကဲခတ်နေသည်။ သို့သော် ၎င်းကို ဗမာ့တပ်မတော်အကြီးအကဲများက လှည့်စားနိုင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် စိုင်းပြင်းလှုပ်ရှားမှုများကို ဖုံးကွယ်ထားနိုင်ခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုကို စတင်စည်းရုံးခဲ့သည့် လွတ်လပ်ရေးဆုံးရှုံးရခြင်းသည် လူဖြစ်ရှုံးခြင်းပင်ဖြစ်သည်။ လူစင်စစ်က နဖားကြိုးထိုးခံရသည့် နွားသဖွယ် စေသည့်ကျွန်ထွန်သည့်နွား၊ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် တပ်မတော်သားတို့သည် လွတ်လပ်ရေးဆုံးရှုံးရသည်ထက် တိုက်ရင်းသေရသည်က မြတ်သေးသည်ဟု သန္နိဋ္ဌာန်ချမှတ်ကာ မိမိတို့အသက် ဖက်တရွက်ပန်းတစ်ပွင့်ပမာ စွန့်စားတိုက်ခိုက်ကြရန် ဆုံးဖြတ်ကြသည်။ မျိုးချစ်အများစုမှာ တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုကို ကိုလိုနီဆန့်ကျင်ရေး မြေအောက် လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်တွင်းသို့ အရာရှိအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သူများရှိ၏။ ၎င်းတို့က စည်းရုံးဖွဲ့စည်းမှုကျယ်ပြန့်ခိုင်မာလာသည့်အခါတွင် တပ်မတော်နှင့် နိုင်ငံရေး လောကမှ ထိပ်တန်းခေါင်းဆောင်များကို အသိပေးပြီး ခေါင်းဆောင်စေမည်ဟု ခံယူခဲ့ကြသည်။ ၎င်းတို့၏ လှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့သည်တိုင်အောင် မျိုးချစ်ခေါင်းဆောင်ပိုင်းက ၎င်းတို့၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို လတ်တလော လက်မခံနိုင်ဘဲရှိခဲ့သည်။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလတွင် ယင်းမျိုးချစ်လူငယ်များက ခေါင်းဆောင်ပိုင်းမှ အကြီးအကဲများ၏ တုံ့ဆိုင်းမှုအပေါ်တွင် စိတ်ပျက်လျက်ရှိပြီး ၎င်းတို့ကိုယ်တိုင်ပင် ဖက်ဆစ်တော်လှန်ရေးကို ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီတွင် ဆင်နွှဲရန်ဆုံးဖြတ်ခဲ့ ကြသည်။ ဤကဲ့သို့ ခေါင်းဆောင်လူကြီးပိုင်းမှ အချိန်ဆွဲမှုကြောင့်လည်း ဗြိတိသျှတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဗမာကွန်မြူနစ်အင်အားစုများသည် တပ်မတော်အတွင်း၌ ထိုးဖောက်စည်းရုံးမှုများ ပြုလုပ်နိုင်ခဲ့ကြသည်။ ၁၉၄၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရန် အချိန်မကျသေးဟု ဆိုင်းထားခဲ့သည်။ သို့ပေမယ့် သခင်စိုး ဦးဆောင်သော ကွန်မြူနစ်များသည် ဗြိတိသျှတို့နှင့်ဆက်သွယ်ပြီး ဖက်ဆစ်ဆန့်ကျင်ရေးကို တက်ကြွစွာ စည်းရုံးလှုပ်ရှားခဲ့ကြ၍ တပ်မတော်တွင်းမှ လူငယ်များက ကွန်မြူနစ်တို့၏ ခေါင်းဆောင်မှုအောက်သို့ ယိမ်းယိုင်ခဲ့ကြသည်။

၁၉၄၄ ခုနှစ် ပွင့်လင်းရာသီတွင် ဂျပန်တပ်မတော်မှ အကျပ်အတည်းနှင့် တွေ့နေချိန်ဖြစ်သလို မြန်မာပြည်တွင်း၌လည်း အကျပ်အတည်း ဆင်းရဲမှု ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်နေရချိန်ဖြစ်ပေရာ ဗြိတိသျှတပ်များ၏ ထောက်ပံ့ကူညီမှုဖြင့် စည်းရုံးဖွဲ့စည်းလာခဲ့သည့် ကွန်မြူနစ်တပ်များ၏ တပ်မတော်အတွင်းနှင့် ပြည်သူများအကြား ထိုးဖောက်စည်းရုံးမှုများ အထူးအောင်မြင်လာသော အချိန်ကာလဖြစ်သည်။ သို့ပေမယ့် ဗမာ့တပ်မတော်မှ ခေါင်းဆောင်များနှင့် ဗြိတိသျှတို့မှာ ထိုအချိန်ထိ လုံးဝအဆက်အသွယ်မရှိသေးပေ။ ဗြိတိသျှတို့က မြန်မာနိုင်ငံအားလွတ်လပ်ရေးပေးရန် ကတိကဝတ်မရသေး၍ပင်ယင်းသို့ ဆက်သွယ်မှုမပြုခဲ့ခြင်းဖြစ်သည်။

၁၉၄၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဗြိတိသျှတို့၏ တန်ပြန်ထိုးစစ်အရှိန်အဟုန်မြင့်တက်လာပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံမြောက်ပိုင်းမှ ဂျပန်အမှတ် (၁၅) တပ်မတော်၏ အကျပ်အတည်းအနေအထား၊ အင်ဖာစစ်မျက်နှာတွင် ဂျပန်အမှတ်(၂၈)တပ်မတော်၏ ကြုံကြိုက်နေရသည့် အခက်အခဲများကို အခွင့်ကောင်းယူပြီး မြန်မာတပ်မတော်ဖွဲ့စည်းမှု၊ လက်နက်ခဲယမ်းတိုးတက်ရရှိမှု၊ ပြည်သူများအား စည်းရုံးမှု အစရှိသည့် လုပ်ငန်းများကို အချိန်ယူလုပ်ဆောင်ခဲ့သည်။ သို့ပေမယ့် လူငယ်မျိုးချစ်ခေါင်းဆောင်များ စိတ်မရှည်နိုင်ကြပေ။ ကွန်မြူနစ်တို့၏ စည်းရုံးသိမ်းသွင်းမှုများမှာလည်း တိုးတက်ထိရောက်လာခဲ့သည်။ ကွန်မြူနစ်ခေါင်းဆောင်သခင်စိုးသည် ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုအတွက် ပြင်ဆင်နေကြသည့် လူငယ်ခေါင်းဆောင်များကိုပင် စည်းရုံးလာခဲ့သည်။ သို့သော် သခင်စိုးသည် ကွန်မြူနစ်ပါတီအရေးအတွက်သာ ဦးတည်ခဲ့ခြင်းဖြစ်သည်။ လူငယ်မျိုးချစ်ခေါင်းဆောင်များက မြန်မာပြည်လွတ်လပ်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးကိုသာ ဦးတည်ခဲ့ကြသည့်အတွက် သခင်စိုးနှင့်မည်သို့မျှ ပူးပေါင်းဆောင်ရွက်ရန် သဘောမတူနိုင်ခဲ့ကြပေ။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၄ ခုနှစ်ဩဂုတ်လတွင် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့အစည်း ဖွဲ့စည်းခဲ့သည်။ တကယ်တော့လည်း ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော် မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ခြင်း မပြုမီကပင် ပြည်တွင်းရှိ မြေအောက်တော်လှန်ရေးခေါင်းဆောင်များထံ ဂျပန်ကို ယုံကြည်စိတ်ချ၍မဖြစ်ကြောင်း စာရေးအကြောင်းကြားသော ရဲဘော်သုံးကျိပ်ဝင်အချို့ကို မြန်မာပြည်တွင်းသို့ ကြိုတင်စေလွှတ်ပြီး ပြည်တွင်းရှိ မြေအောက်တော်လှန်ရေးခေါင်းဆောင်များအား နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးလုပ်ငန်းများ ဆောင်ရွက်စေသည့်နည်းတူ လိုအပ်ပါက ဂျပန်ကိုပါ ဆက်လက် တော်လှန်နိုင်ရေးအတွက် ပြင်ဆင်စည်းရုံးထားရန်မှာကြားထားပြီးဖြစ်သည်။ ဂျပန်ကိုလှည့်စားနိုင်ရန် စစ်ထွက်မည့် တပ်မတော်အတွက် သက်သာချောင်ချိရေးရန်ပုံငွေများထည့် လှူဒါန်းကာ တပ်မတော်ကြီးကို ဝိုင်းဝန်း အားပေးထောက်ခံရန် အကြောင်းပြချက်ဖြင့် နိုင်ငံတစ်ဝန်း လုံး တရားပွဲများကျင်းပပြီး လူထုစည်းဝေးပွဲ နည်းလမ်းကို ကျင့်သုံးသော ပြည်သူနှင့်ရင်းနှီးမှုရရှိရေးကို ကြိုးပမ်းခဲ့ သည်။ ဂျပန်ထံမှလည်း ဗြိတိသျှတပ်များကို တိုက်ခိုက်ရေးအတွက် လက်နက်ခဲယမ်းများ တောင်းခံကာ ဗမာ့ တပ်မတော်တပ်ရင်းများ လှုပ်ရှားချီတက်ခွင့်ရရှိအောင် ဆောင်ရွက်ခဲ့သည်။ ဂျပန်များအကျပ်အတည်းနှင့် မရှုသာမကယ်သာ ရောက်မှသာ ဗမာ့တပ်မတော်အပေါ် ဂျပန်တို့အားကိုး ရန်ဖြစ်လာမည်။ ထိုအချိန်မှ ဂျပန်ကို အယုံသွင်းနိုင်မည်။ ဂျပန်တို့ အကျပ်အတည်းရောက်ရှိပြီး ဗမာ့တပ်မတော်ကိုအားကိုးရန်ဖြစ်လာမှ ယင်းတို့ကို လှည့်စားပြီး ဖက်ဆစ်တော်လှန်ရေးကို အောင်အောင်မြင်မြင် ဆင်နွှဲနိုင်မည်။ ဂျပန်များကိုယုံကြည်အောင် ပရိယာယ်သုံးရန်မှာလည်း ယင်းတို့အခြေအနေဆိုးမှသာဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ် ၁၅ ရက်နေ့တွင် မန္တလေးမြို့ ဗြိတိသျှလက်တွင်းသို့ ကျရောက်လုဆဲအချိန်ထိပင် ဖက်ဆစ်တော်လှန်ရေးစတင်ဆင်နွှဲမည့်ရက်ကို သတ်မှတ်ခဲ့ခြင်းမရှိပေ။ မန္တလေးမြို့တွင်ရှိနေသော ဗမာ့တပ်မတော် အနောက်မြောက်ပိုင်းစစ်ဌာနချုပ်၏ တိုင်းမှူး ဗိုလ်ချုပ်ဗထူးသည်ပင်လျှင် တပ်မတော်ကို ပုန်ကန်လိုက်ပြီဟူသော အကြောင်းပြချက်ဖြင့် ဖက်ဆစ်တော်လှန်ရေးကို ၁၉၄၅ ခုနှစ် မတ် ၈ ရက်နေ့တွင် စတင်ဆင်နွှဲလိုက်ရသည်။

မူလအကြမ်းအားဖြင့် သတ်မှတ်ရက်မှာ ၁၉၄၅ ခုနှစ် မတ် ၂၅ ရက်နေ့ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေး မတ် ၂၅ ရက်နေ့တွင် စတင်ရန် သတ်မှတ်ပြီး တပ်ရင်းတပ်ဖွဲ့များကို တာဝန်ကျရာ နေရာများသို့ လျှို့ဝှက်စွာ နေရာယူဆဲကာလ၌ပင် မတ် ၁၈ ရက်နေ့၌ ဗြိတိသျှနှင့် တိုက်ရိုက်ဆက်သွယ်လျက်ရှိသော ကွန်မြူနစ်ခေါင်းဆောင်များက တော်လှန်ရေးနေ့ကို ထပ်မံရွှေ့ဆိုင်းရန်တောင်းဆိုကြပြန်သည်။ ထိုတောင်းဆိုချက်ကို တပ်မတော်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်လကျ်ာက ထောက်ခံတင်ပြလာ၍ ဗိုလ်ချုပ်အောင်ဆန်းသည် တော်လှန်မည့်နေ့ရက်ကို ဧပြီ ၁၀ ရက်နေ့သို့ တစ်ဖန်ရွှေ့ဆိုင်းခဲ့ပြန်သည်။

**ဆက်လက်ဖော်ပြပါမည်။**

> ခေါင်းဆောင် လူကြီးပိုင်းမှ အချိန်ဆွဲမှုကြောင့်လည်း ဗြိတိသျှတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဗမာကွန်မြူနစ် အင်အားစုများသည် တပ်မတော်. . .


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေးစိစစ်အကဲဖြတ်အဖွဲ့တွင် အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Sticker) (၁. ၅"×၁. ၂") အရွယ်အစား ဆင်ဆာလက်မှတ်(Sticker)ခုရေ (၁၆၈၀၀၀၀၀) (တစ်ရာခြောက်ဆယ့်ရှစ်သိန်း တိတိ) ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၈-၄-၂၀၁၅ရက်မှ ၁-၅-၂၀၁၅ရက်ထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

(ခ) တင်ဒါတင်သွင်းရန်နေရာ - မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) တင်ဒါတင်သွင်းရမည့်ရက် - ၄-၅-၂၀၁၅ရက်၊ နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန။ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် ၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ရွှေလဝင်းလမ်း၊ အမှတ်(၁၃-C2)ဟုခေါ်တွင်သော (အလျား ၁၂၂ ပေ×အနံ ပေ ၅၀)၊ ဧရိယာ(၆၂၅)စတုရန်း ပေရှိသော (၆)လွှာဆောက်လုပ်ထားသောတိုက်၏ မြေညီထပ်ဒုတိယအလွှာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ ကို ၂၅-၁-၁၉၉၅ရက်စွဲပါ “တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်” အရ ဒေါ်ချိုချိုထွေး (HZA-196092) [၈/မကန(နိုင်)၀၀၉၉၃၃]နှင့် ၄-၁-၂၀၁၅ရက်စွဲပါ “မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း”စာချုပ်အရ ဦးစိုင်းနေလင်းအောင်ချို[၁၄/ပသန(နိုင်)၁၆၄၈၇၅]တို့မှ မိမိတို့သာ တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကြ၍ ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးအောင်[၁၄/ပသန(နိုင်)၁၆၉၀၁၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ၂၀-၃-၂၀၁၅ ရက်တွင် “နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးစာချုပ်”ချုပ်ဆို၍ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း ခိုင်မာသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်း အဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လတ်(LL.B)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၀၆၈၃၁၇၊ ၀၉-၄၂၀၀၂၈၅၆၊ ၀၉-၄၂၀၀၆၁၅၆၀၊ ၀၉-၄၂၀၀၆၁၅၆၉

## ကုက္ကိုင်းရေကူးအသင်းဝင်များသို့ ဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကုက္ကိုင်းရေကူးအသင်း မိသားစု၏ ၂၀၁၅ခုနှစ် မဟာသင်္ကြန်အကြို စတုဒိသာ ညှည့်ခံကျွေးမွေးပွဲ နှင့်ပျော်ပွဲရွှင်ပွဲကို၁၀.၄.၂၀၁၅ ရက်နေ့ညနေ ၄း၀၀ နာရီတွင် PlusTreeBrand အဖွဲ့နှင့်အတူ နီနီခင်ဇော်၊ခိုင်ထူး၊ ဖြိုးကြီးတို့ အပါအဝင်အခြား နာမည်ကြီး အဆိုတော်များဖြင့် ညှည့်ခံဖျော်ဖြေမည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ လာရောက်အားပေးကြပါရန်ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ အဆိုပါနေ့ရက်တွင်ရေကူးခြင်းကိုညနေ(၃း၀၀)နာရီတိတိတွင် စတင်ပိတ်ထားမည်ဖြစ်ပါသည်။

အမှုဆောင်ကော်မတီ

## ယဉ်ယဉ်မိသားစု

သင်္ကြန်အဆင့်မြင့်အထူးခရီးစဉ်

ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖဝေါ

(စရိတ်ငြိမ်း ၂၀၀၀၀၀ိ/ကျပ် Hotel အိပ်၊ Hotel စား)

ဧပြီ(၁၁မှ ၁၅ထိ) L~7 ယုဇနပလာဇာမြေညီ

ဖုန်း-၀၁-၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅၊ ၀၉-၇၃၀၀၉၈၄၁

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ကချင်ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းနှင့် အမှုထမ်းနေအိမ်တွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ နေအိမ်အတွင်း/အပြင်ပတ်လမ်းများဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၄-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ကချင် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ လာရောက်ထုတ်ယူပြီး ၃၀-၄-၂၀၁၅ ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ကချင်ပြည်နယ်ရ သုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဖုန်းနံပါတ်-၀၇၄-၂၉၄၄၂သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။







## ဘဏ္ဍာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဌာနအဖွဲ့အစည်းများတွင် အသုံးပြုရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ဖော်ပြပါပစ္စည်းများနှင့် ဖြည့်စွက် လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်-

(က) ပစ္စည်းဝယ်ယူခြင်း

| စဉ် | ပစ္စည်းအမျိုးအမည် | ပစ္စည်းအရေအတွက် | တင်ဒါပိတ်ရက် |
|---|---|---|---|
| ၁။ | ကွန်ပျူတာ၊ ပရင်တာနှင့်ဆက်စပ်ပစ္စည်းများ | (၃)ခု | ၃၀-၄-၂၀၁၅ |
| ၂။ | မီးစက်နှင့်ဆက်စပ်ပစ္စည်းများ | (၁)ခု | |
| ၃။ | Video Camera နှင့်ဆက်စပ်ပစ္စည်းများ | (၂)ခု | |
| ၄။ | ဘဏ်လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ | (၄၉၃)ခု | |
| ၅။ | လုပ်ငန်းသုံးအခြားပစ္စည်းများ | (၂)ခု | |
| ၆။ | ရုံးသုံးစက်ကိရိယာများ | (၁၃)ခု | |
| ၇။ | ရုံးသုံးပရိဘောဂများ | (၄၂)ခု | |
| ၈။ | မော်တော်ဆိုင်ကယ် | (၂၂)စီး | |

(ခ) ဖြည့်စွက်လုပ်ငန်းများ

| စဉ် | ပစ္စည်းအမျိုးအမည် | ပစ္စည်းအရေအတွက် | တင်ဒါပိတ်ရက် |
|---|---|---|---|
| ၁။ | လျှပ်စစ်မီးလိုင်းများပြန်လည်သွယ်တန်းခြင်း | (၁)ခု | ၃၀-၄-၂၀၁၅ |
| ၂။ | ခေါင်မိုးများပြန်လည်ပြင်ဆင်ခြင်း | (၁)ခု | |
| ၃။ | ရေတိုင်ကီ(Water Tank)နှင့် ရေပိုက်လိုင်းများ လဲလှယ်ပြင်ဆင်ခြင်း | (၁)ခု | |

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက် အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ၂-၄-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့
ဘဏ္ဍာရေးဝန်ကြီးဌာန
ရုံးအမှတ်(၂၆)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၁၉၁

# လူလေးသို့ပေးစာများ −၈

မြသန်းတင့်



*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

ပြင်သစ်လူမျိုးတွေဟာ အပေါ့အလွှင့်နေပြီး အပေါ်ယံအားဖြင့် ယဉ်ကျေးဖွယ်ရာရှိကြသည့်တိုင် ဘယ်လောက်များ ဒုစရိုက်တွေများ လိုက်ကြသလဲ။ သူတို့မှာ စဉ်းစားဉာဏ် လိုနေတယ်။ တော်တော်များများမှာတော့ ပညာဉာဏ်လိုနေကြတယ်။ ဒါပေမယ့် ယေဘုယျအားဖြင့်တော့ သူတို့ရဲ့ အပေါ်ယံ ယဉ်ကျေးဖွယ်ရာ ဟန်တွေနဲ့ ဖုံးထားတဲ့အတွက် သိပ်သတိမထားမိကြဘူးပေါ့။ ပြင်သစ်လူမျိုးတစ်ယောက်ဟာ သူတို့လူမျိုးရဲ့ပင်ကိုယ်စရိုက်ဖြစ်တဲ့ ယဉ်ကျေးမွန်ရည်မှုလည်းရှိ၊ ပညာလည်းရှိ၊ စဉ်းစားဉာဏ်လည်း ရှိတယ်ဆိုရင်တော့ သူဟာ လောကမှာ အပြည့်စုံဆုံး၊ အကောင်းဆုံး လူတစ်ယောက်ပဲ။ ဒါကို ဖေဖေ မကြာခဏ ပြောခဲ့ဖူးပြီးခုတိုင်လည်း အဲဒီအတိုင်းယူဆတုန်းပဲ။ မင်းဟာ အဲဒီလို ပြီးပြည့်စုံတဲ့ လူတစ်ယောက်ဖြစ်ချင်လိမ့်မယ်၊ဖြစ်လည်းဖြစ်လိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။ သီလဆိုတာ ဘာလဲဆိုတာကို မင်းသိပြီးသားပဲ။ မင်းမှာသီလရှိချင်စိတ်ရှိရင် သီလရှိမှာပဲ။ သီလကို စောင့်ထိန်းဖို့ ဆိုတာ လူတိုင်းတတ်စွမ်းနိုင်တဲ့ အလုပ်ပေပဲ။

သီလမရှိတဲ့လူကတော့ လောကမှာ ရှက်စရာ အကောင်းဆုံးပဲ။ ဘုရားသခင်က မင်းကို စဉ်းစားဉာဏ်ပေးထားတယ်။

ပညာဉာဏ်ဆိုတာကတော့ မင့်မှာ လူတစ်ယောက် ရှိသင့်ရှိထိုက်တဲ့ ပညာဉာဏ်မျိုး အသင့်အတင့် ရှိနေပြီ။

ဒီအရည်အချင်း တွေနဲ့ အတူမင်းကို လောကကြီး အလယ်ကို ဖေဖေ လွှတ်လိုက်ပြီ။ ဒီတော့ မင့်အကျင့်စရိုက်နဲ့ စိတ်နေသဘောထားကို ကြီးရင့်ဖွံ့ဖြိုးအောင် လုပ်ဖို့လိုအပ်တဲ့ အခြားအရည်အချင်းတွေရအောင် ကိုယ့်ဘာသာကိုယ် မလုပ်တတ်ဘူးဆိုရင်တော့ မင့်အပြစ်ပဲ။

မဒမ် စိန့်ဂျာမိန်းနဲ့ မွန်စီယာပန်ပစ်နီးတို့ နှစ်ယောက်စလုံးကိုလည်း မင်းအနေနဲ့ ကျေးဇူးတင်စကားပြောပါ။

မင်းကို အထူးဂရုစိုက်သင်ကြားပေးကြတဲ့ အတွက်ကြောင့်ရော၊ မင်းနဲ့ပတ်သတ်လို့ အကောင်းသတင်းတွေ ရေးပို့တဲ့အတွက်ကြောင့်ရော ဝမ်းမြောက်ကျေးဇူးတင်ကြောင်းကို ပြောဖြစ်အောင်ပြောပါ။ **အားဒီယူး**

ခုလို ချီးမွမ်းထောက်ခံတာတွေကို ရရှိအောင် ဆက်လက်ကြိုးစားပါ။ အဲဒီလိုကြိုးစားမယ်ဆိုရင် ဖေဖေ ရဲ့ မေတ္တာကိုခံယူရရုံမျှမက ခံယူထိုက်တယ် လို့လည်း ဖေဖေ ယူဆတယ်။

❑ ❑ ❑

**လန်ဒန်၊ မတ်လ ၂၇ ရက်၊ ၁၇၄၇ ခုနှစ်။**

**လူလေး**

ပျော်ရွှင်မှုဟာ လူငယ်လူရွယ် တော်တော်များများက ထုခွဲနေတဲ့ ကျောက်တုံးကြီးနဲ့ တူတယ်။

လူငယ်တွေဟာ ရွက်အဖုံဖုံတပ်ဆင်ထားတဲ့ လှေတွေနဲ့ အဲဒီ ပျော်ရွှင်မှုကို ရှာဖို့ခရီးထွက်လာကြတယ်။ ဒါပေမယ့် သူတို့မှာ ခရီးကို လမ်းညွှန်ဖို့အတွက်တော့ အိမ်မြှောင်မပါလာကြဘူး။ လှေကိုကောင်းစွာပဲ့ကိုင်ဖို့လည်း အသိဉာဏ်မကြွယ်ဝကြဘူး။ အဲဒီလိုမရှိတဲ့အတွက် အပြန်ခရီးမှာ ပျော်ရွှင်မှုဆိုတဲ့ ကျောက်တုံးကြီး ပါမလာခဲ့ဘဲ အရှက်နဲ့ ဒုက္ခ ဝေဒနာကိုသာ ရလာခဲ့ကြတယ်။ ဒီလို ပြောတဲ့အတွက် ဖေဖေဟာပျော်ရွှင်မှုကို မကောင်းဘူးလို့ ပြောနေတယ်လို့ မထင်လိုက်နဲ့။ (ဂရိခေတ်က) စတိုးအစ်လို့ခေါ်တဲ့ ဥပေက္ခာဝါဒီတစ်ယောက်လို ပျော်ရွှင်မှုကို အပြစ်ဆိုနေတယ်လို့မထင်လိုက်နဲ့။ ဘုန်းကြီးတစ်ပါးလို ပျော်ရွှင်မှုစည်းစိမ်ချမ်းသာကို ရှုတ်ချနေတယ်လို့ မထင်လိုက်နဲ့။ ဒီသဘောပြောနေတာ မဟုတ်ဘူး။ ဖေဖေဟာ မင်းကို အဲဒီ ပျော်ရွှင်မှုစည်းစိမ်ကို ရှာဖွေတတ်အောင်၊ ခံစားတတ်အောင် အက်ပီကျူးရီးယန်း တစ်ယောက်လို သင်ပြပေးနေတာ။ မင့်ကို ပျော်ရွှင်မှုတွေအများကြီးရစေချင်တယ်။ ခု ဖေဖေ ပြောနေတာက အပျော်မှားမှာစိုးလို့ ပြောနေတာ။

လူရယ်လို့ဖြစ်ပြီး အရွယ်ရောက်လာတာနဲ့ လူငယ်တွေ ပထမဆုံးလိုချင်တောင့်တတဲ့ အရာကတော့ ပျော်ရွှင်မှုပဲ။ ဒါပေမယ့် ပျော်ရွှင်မှုဆိုတာ ဘာလဲလို့ မေးရင် ယောင်ဝါးဝါး သမရိုးကျ အဓိပ္ပာယ်နဲ့ပဲ နားလည်ကြတယ်။ ပျော်ရွှင်မှုကို ရှာတော့မယ်ဆိုရင် မိမိရဲ့အကြိုက်၊ မိမိရဲ့ ဝါသနာကို ပထမဆန်းစစ်ကြည့်ရမယ်။

သူများတွေ ပြောတိုင်း ပျော်ရွှင်မှုဆိုတာကို အရမ်းလက်ခံလို့ မဖြစ်ဘူး။ ပျော်ရွှင်မှုကို ခံစားသူဆိုတဲ့ စကားကို မကောင်းတဲ့ အနက်အဓိပ္ပာယ်နဲ့ ဖွင့်ဆိုရင် အရက်သေစာ သောက်စားနေတဲ့သူ၊ အပျော်အပါး မိန်းမလိုက်စားနေတဲ့သူ၊ သောက်သောက်စားစား လူမင်းသားဆိုတဲ့ အမျိုးမျိုးနေတဲ့သူလို့ အဓိပ္ပာယ်ထွက်တယ်။

မင်းကို ဖေဖေ ရှက်ရှက်နဲ့ ဝန်ခံရမယ်ဆိုရင် ဖေဖေငယ်ငယ်တုန်းက ပျော်ရွှင်မှုကို ခံစားသူဆိုတဲ့ အနက်အဓိပ္ပာယ်ကို အဲဒီလို အမှားမှားအယွင်းယွင်း နားလည်ခဲ့မိလို့ အမှားတွေ တွေ့ခဲ့ဖူးတယ်။ ဖေဖေဟာ ပင်ကိုယ်အားဖြင့် အရက်ကို မကြိုက်ပါဘူး။ ဒါပေမယ့် မကြာခဏဆိုသလို အရက်ကို အလွန်အကျွံသောက်မိလို့ မူးခဲ့တာတွေရှိတယ်။

နောက်တစ်နေ့မှာ နေထိုင်မကောင်းဖြစ်တဲ့အခါမှာ အဲဒီအရက်ကို ရွံမုန်းသွားပြန်ရော။ ဒါဖြင့် ဘာဖြစ်လို့သောက်သလဲလို့ မေးရင် အဲဒီတုန်းက အရက်သောက်မှ လူကြီးလူကောင်း ပီသမယ်၊ ပျော်ရွှင်မှုကို ခံစားတတ်တဲ့သူဖြစ်မယ်လို့ ထင်ခဲ့မိလို့ပဲ။

လောင်းကစားကိစ္စမှာလည်း ဒီအတိုင်းပဲ။ ဖေဖေ ပိုက်ဆံမလိုချင်ပါဘူး။ ဒါကြောင့် ပိုက်ဆံအတွက် လောင်းကစားစရာ အကြောင်းမရှိပါဘူး။ ဒါပေမယ့် လောင်းကစားတာဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ဖို့၊ ပျော်ရွှင်မှုကို ခံစားတတ်တဲ့ လူတစ်ယောက်ဖြစ်ဖို့ လိုအပ်တဲ့ အခြားအရည်အချင်းတစ်ခုလို့ ထင်ခဲ့မိတဲ့ အတွက်ဝါသနာ မပါဘဲ လောင်းကစားခဲ့ဖူးတယ်။ လောင်းကစားတာမှ အခြားသောပျော်ရွှင်မှုတွေတောင် သတိမရနိုင်လောက်အောင်ပဲ။ အနှစ်သုံးဆယ်လုံးလုံး လောင်းကစားတာနဲ့ပဲ အချိန်ကုန်ခဲ့တယ်။ ဖေဖေ့ဘဝမှာ အကောင်းဆုံးအချိန်တွေပေါ့။ ပြီးတော့ ဖေဖေ ဘယ်လောက်များရှူးလိုက်သလဲဆိုရင် လူကြီးလူကောင်းတစ်ယောက်ပီသအောင်ဆိုပြီး ဆဲရေးတိုင်းထွာတာမျိုးတောင် လုပ်လိုက်သေးတယ်။ ဒီအကျင့်ကိုတော့ ဖေဖေ မကြာခင်မှာဘဲ စွန့်လွှတ်ပစ်လိုက်ပါတယ်။ ဒါကတော့ အပြစ်လည်းကြီးတယ်၊ ရိုင်းလည်းရိုင်းစိုင်းတယ်လို့ သိလာတော့ မကြာခင်မှာပဲ ဖေဖေ စွန့်လွှတ်ပစ်လိုက်ပါတယ်။

ဒီနည်းအားဖြင့် အများလုပ်တဲ့ ဖက်ရှင်တွေကို လိုက်အတုခိုး၊ အပေါ်ယံ ပျော်ရွှင်မှုဆိုတာတွေကို အရမ်းကာရော အထင်ကြီးခဲ့မိတဲ့အတွက် ဖေဖေ့မှာ တကယ့် ပျော်ရွှင်မှုတွေ ဆုံးရှုံးခဲ့ရတယ်။

စည်းစိမ်ဥစ္စာလည်းပျက်ခဲ့ရတယ်။ ကျန်းမာရေးလည်း ယိုယွင်းခဲ့ရတယ်။ ဖေဖေ့အမှားအတွက် ရတဲ့ပြစ်ဒဏ်လို့ပဲဖေဖေယူဆတယ်။

ဒီတော့ မင်းအနေနဲ့ အဲဒီသင်ခန်းစာတွေကို ယူပါ။ ကိုယ့်ပျော်ရွှင်မှုကို ကိုယ်တိုင်ရွေးချယ်ပါ။ ပျော်ရွှင်မှုက ကိုယ့်ကို အနိုင်ယူတာမျိုး မဖြစ်ပါစေနဲ့။ အများလုပ်တဲ့ ဖက်ရှင်ကို မလိုက်ပါနဲ့။ သဘာဝကို လိုက်ပါ။

ကိုယ်ခံစားနေတဲ့ ပျော်ရွှင်မှုနဲ့ အဲဒီပျော်ရွှင်မှုနောက်က လိုက်လာတဲ့ အကျိုးသက်ရောက်မှုတွေ ချိန်ထိုးကြည့်ပါ။ ပျော်ရတာနဲ့ ရတဲ့ ရလာဘ်နဲ့ ကာမိရဲ့လား၊ ထိုက်တန်ရဲ့လားဆိုတာကို စဉ်းစားပါ။ ပြီးတော့မှ ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ ကိုယ့်ပျော်ရွှင်မှုကို ရွေးချယ်ဆုံးဖြတ်ပါ။

ဖေဖေသာ လူငယ်ပြန်ဖြစ်ရမယ်ဆိုရင် ဖေဖေဟာ အထင်နဲ့ရတဲ့ ပျော်ရွှင်မှုတွေကို မရှာတော့ဘဲ တကယ့်ပျော်ရွှင်မှုတွေကိုပဲ ရှာတော့မယ်။ ဥပမာအားဖြင့် အစားအသောက်စားပွဲရဲ့ ပျော်ရွှင်မှုနဲ့ ဝိုင်အရက်ချိုကလေးရဲ့ ပျော်ရွှင်မှုတွေကို ရှာမယ်။ ဒါပေမယ့် အစားကျူးခြင်း၊ အသောက်ကျူးခြင်းနဲ့ ဆက်စပ်နေတဲ့ ဆိုးပြစ်တွေကို မရအောင် တော်ရုံသင့်ရုံလောက်နဲ့ ရပ်မယ်။ အသက်ကလေး နှစ်ဆယ်လောက်မှာ ဖေဖေဟာ မသောက်မစား ဥပုသ်သီတင်း အမြဲစောင့်တဲ့ တရားဟောတဲ့ ဘုန်းကြီးတစ်ပါးတော့ မလုပ်နိုင်ဘူးပေါ့။ ပြီးတော့ အဲဒီလို တော်ရုံသင့်ရုံ ပျော်ရွှင်မှုကို ရှာတဲ့သူကိုလည်း အပြစ်မတင်ဘဲ သူတို့လည်း ပျော်ရွှင်မှုကို သူတို့နည်းနဲ့ သူတို့ရှာကြပါစေဆိုတဲ့ နားလည်မှုကို မွေးမယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ဂရုမစိုက် စည်းမရှိကမ်းမရှိ နေတဲ့သူတွေရဲ့ အလိုကိုလိုက်ပြီး ကိုယ့်ရဲ့ကျန်းမာရေးကို ထိခိုက်ခံတဲ့အဖြစ်ကိုတော့ ဘယ်တော့မှ ရောက်ခွင့်မပေးဘူး။

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

---


## နွေရာသီအဆင့်မြင့် ယမိုက်+ပဋ္ဌာန်း အထူးသင်တန်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ (၂၁)ကြိမ်မြောက် နွေရာသီအဆင့်မြင့်ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကို ၂၅-၄-၂၀၁၅ရက်(စနေနေ့)မှ ၃၁-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)အထိ (၃၇)ရက်တိုင် ယခင်နှစ်များကဲ့သို့ ကျင်းပပြုလုပ်ပါမည်။ သင်တန်းတက်ရောက်လိုသော သင်တန်းသား/သူများသည် ကိုယ်တိုင်လာရောက်၍ ပြည့်စုံရမည့် အချက်အလက်များနှင့် စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရ၊ မရကို ကြော်ငြာထားသည့် ဆက်သွယ်စုံစမ်းနိုင်မည့် ရက်များတွင် ဖုန်း-၀၉၅၀၇၃၃၃၆၊ ၀၉၅၅၀၄၇၃၈၊ ၀၉-၄၃၁၃၄၂၅၄၊ ၀၉၅၀၉၃၂၀၃သို့ ဆက်သွယ်စုံစမ်းရမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရသော သင်တန်းသား/သူများသည် သာသနာ၀င်မှတ်တမ်း၊ သပိတ်လွယ်ပါသောသပိတ်၊ အိပ်ရာစသည့် မိမိတို့ အသုံးအဆောင်ယူဆောင်၍ ၂၄-၄-၂၀၁၅ရက်(သောကြာနေ့)အရောက် ကြွရောက်ရမည်ဖြစ်ပါသည်။ သင်တန်းသား/သင်တန်းသူတို့အား အထက်ဖော်ပြပါ ရက်များအတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်အအေးများကို လှူဒါန်းလိုပါက သင်တန်းဖြစ်မြောက်ရေးကော်မတီ ဖုန်း- ၀၉၅၀၇၃၃၃၆၊ ၀၉၅၅၀၄၇၃၈၊ ၀၉၄၃၁၃၄၂၅၄၊ ၀၁-၆၄၆၄၆၄၊ ၀၁-၆၄၆၈၆၅၊ ၀၁-၆၄၀၂၉၄သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ၁၃၇၇ခုနှစ်၊ နွေရာသီယမိုက်+ပဋ္ဌာန်းသင်တန်း သင်တန်းဆိုင်ရာသိစရာ

သင်တန်းရည်ရွယ်ချက်

၁။ နွေရာသီကျောင်းပိတ်ရက်(၁လ)ခန့်အတွင်း အလတ်တန်း၊ အကြီးတန်း အဘိဓမ္မာညဝါဆိုင်ရာများ သိရှိနားလည် တတ်မြောက်စေရန်

(၁ လခန့် ရက်တိုအတွင်း ဖြစ်စေကာမူ အလေးအနက်ထားတကယ်ကြိုးစားသင်ယူလျှင် အလတ်တန်း+အကြီးတန်းဆိုင်ရာ အဘိဓမ္မာညဝါများထပ်မံသင်ယူစရာ မလိုလောက်အောင် လက်ဆုပ်လက်ကိုင်ရရှိနိုင်မည် ဖြစ်ပါသည်။)

၂။ အချိန်ကို အလဟဿမဖြစ်စေရန်

၃။ စနစ်တကျအလေးအနက်ထားပြီး လေ့လာသင်ယူသူများအတွက် ဆရာဖြစ်သူများကို ပို့ချပေးနိုင်ရန်

၄။ အဘိဓမ္မာညဝါအပြင် သာသနာပြုလမ်းညွှန်၊ ဘဝလမ်းညွှန်စသော ဗဟုသုတများ အထိုက် အလျောက်ရရှိနိုင်စေရန်။

စည်းကမ်းချက်များ

ယခုနှစ် သင်တန်းကို အမှန်တကယ်လိုအပ်သူများ အမှန်တကယ်အကျိုးရရှိနိုင်စေရန် ဖော်ပြပါ စည်းကမ်းများလိုက်နာဖို့ လိုအပ်ပါသည်။

၁။ အချက်အလက်နှင့်ပြည့်စုံသောလျှောက်လွှာများကိုသာ လက်ခံရွေးချယ်မည်ဖြစ်ပါသည်။

၂။ သင်တန်းကာလတစ်လျှောက်လုံး သင်တန်းတက်သူများ အကျိုးရှိမည့် စည်းကမ်းများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သင်တန်းကို အလေးအနက်ထားရှိ သင်ယူစေရန် အရည်အချင်းစစ်စာမေးပွဲဖြင့် မှတ်ကျောက်တင်မည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကိုလည်း အောင်လက်မှတ်များဆုများဖြင့် ထိုက်ထိုက်တန်တန် ချီးမြှောက်ပေးမည်ဖြစ်ပါသည်။

လျှောက်လွှာတင်ရာ၌ ပြည့်စုံရမည့် အချက်အလက်များ

၁။ သက်ဆိုင်ရာစာသင်တိုက်ကျောင်းထိုင်ဆရာတော်၊ တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်၏ မိမိကျောင်းတိုက်၌ နေထိုင်သူ တပည့်ဖြစ်ကြောင်းထောက်ခံချက်

၂။ ထောက်ခံချက်ပေးသူ ဆရာသမားနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်

၃။ ပထမငယ်တန်းအောင်လက်မှတ်မိတ္တူ

၄။ သာသနာဝင်မှတ်တမ်းမိတ္တူ

၅။ လျှောက်လွှာပါ အချက်အလက်များပြည့်စုံမှန်ကန်မှု

၆။ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် တကွ လိပ်စာအပြည့်အစုံ

ဤအချက်အလက်များ ပါဝင်စေလျက် လျှောက်လွှာတင်ရမည်။ တက်ရောက်ခွင့်ရ၊ မရ ဖုန်းဖြင့် ဆက်သွယ်စုံစမ်းနိုင်ပါမည်။

သင်တန်းတက်ရောက်ခွင့် ရ၊ မရဆက်သွယ်စုံစမ်းနိုင်မည့်ရက်များ

၁၃၇၆ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၅၊ ၆၊ ၇၊ (၂၀၁၅ခုနှစ်၊ ဧပြီလ ၈၊ ၉၊ ၁၀)ရက်များ နေ့စဉ် နံနက် ၇နာရီမှ ညဥ္စနာရီအထိ



## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် (၁၀၁)ကြိမ်မြောက် တန်ခူးလ၊ မဟာသင်္ကြန် အထူးတရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၁၀၁)ကြိမ်မြောက် တန်ခူးလ၊ မဟာသင်္ကြန်(၇)ရက် အထူးတရားစခန်းပွဲကို (၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်မှ ၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်)အထိ ၁၃-၄-၂၀၁၅ရက်မှ ၁၉-၄-၂၀၁၅ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီးဦးသိမ်းဆွေ(နေဖြူ)နှင့်အရံ တရားဟောဓမ္မကထိကများက သစ္စာသိကြောင်းအလုပ်ပေးတရားတော်များကို မဖျိုမပဋိပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်း ဝင်ရောက်လိုသော ယောဂီများသည် ၁၂-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီထက် နောက်မကျဘဲ ကြွရောက်ကြပါရန်၊ စခန်းပွဲသို့ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယက ဦးအေးကို ဖုန်း- ၀၁- ၅၂၁၉၃၀၊ ဥက္ကဋ္ဌဦးကျော်ဦး ဖုန်း-၀၉-၇၃၂၀၉၃၉၉၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၄၃၁၃၃၉၁၃၊ ဘဏ္ဍာရေးမှူးဦးလှမျိုး ဖုန်း-၀၉-၅၀၆၁၁၃၈၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၇၇၃၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

(ယောဂီဦးရေ ကန့်သတ်ထားပါသည်။)

အမှုဆောင်အဖွဲ့


## နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ အလှူငွေလှူဒါန်းခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းအရိယမဂ္ဂင်လမ်းနေ ကွယ်လွန်သူ ဖခင်(ဦးအောင်စည်သူ)၏ မွေးနေ့အားရည်စူး၍ သမီး မနွယ်ဦးမွန်၏ မွေးနေ့အလှူအတွက် ထာဝရအထွေထွေပဒေသာပင်အတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေကျပ်(၃)သိန်းတိတိ လှူဒါန်း ခဲ့ပါသည်။

နတ်လူသာဓုခေါ်စေသော်




အလှူငွေအား အမှုအဆောင်အဖွဲ့၊ တွဲဖက်ဘဏ္ဍာရေးမှူးဦးချစ်မြင့်က လက်ခံနေစဉ်


သကြၤန်ရီးလာ ပြီ

သင်္ကြန်ထွင်း ပိတ်ရက်ရှည်ပိတ်မှာဆိုတော့ လိုတဲ့အိမ်စား ဆန်အတွက် ကြိုတင်မှာထားပါ။

09 4333 4111 ☎ 01-682844

09 4333 4222 ☎ 01-682944

09 730 77711 ☎ 01-682928

09 730 77722 ☎ 01-686212

ပေါ်ဆန်းမွှေး နှစ်အိတ်ဝယ်လျှင် T ရှပ် တစ်ထည်ရယူပါ။

စိတ်ကောင်းကြည်လင် ချန်ပီယံ ပေါ်ဆန်းမွှေး

# ရန်ကုန်တောင်ပိုင်းခရိုင် တွံ့တေးမြို့နယ်တွင် ကိုယ့်အား ကိုယ်ကိုး လျှပ်စစ်မီးနှင့် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**တွံတေး မတ် ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး မြို့နယ် တမာတကောကျေးရွာအုပ်စု တမာတကောကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲနှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၈ ရက် နံနက် ၈ နာရီက တမာတကော ကျေးရွာ ရွာအဝင်လမ်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က လျှပ်စစ်မီးနှင့် ကွန်ကရစ်လမ်းသစ်အား ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာမီးလင်းရေးဥက္ကဋ္ဌ ဦးဝင်းကျင်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသာတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

လျှပ်စစ်မီးကို တွံတေးတူးမြောင်း အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာ ၁၆ အုပ်စု၊ ကျေးရွာပေါင်း ၅၆ ရွာတွင် တမာတကောကျေးရွာသည် ပထမဦးဆုံးဖွင့်လှစ်နိုင်ခဲ့ပြီး 11KV ဓာတ်အားလိုင်းကြိုး ကျေးရွာထိပ်အရောက်သွယ်တန်းပေးပြီး 315 KVA ထရန်စဖော်မာဖြင့် အိမ်ခြေ ၃၇၀၊ လူဦးရေ ၁၅၅၂ ဦးရှိရာ အိမ်ခြေ ၈၃ လုံးအား မီတာချထားပေးနိုင်ခဲ့ပြီး စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၃၁၀ ကုန်ကျခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ယခင်က မိရိုးဖလာ ရိုးရာသက်န်းချုပ်လုပ်ငန်းကို ခြေနင်းအပ်ချုပ်စက်ဖြင့် ချုပ်ရာမှ ယခုအခါ လျှပ်စစ်မီးရရှိသည့်အတွက် လျှပ်စစ်မော်တာအပ်ချုပ်စက်ဖြင့် ချုပ်လာကြသဖြင့် လက်မှုလုပ်ငန်းမှ စက်မှုလုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၈၇ ဒသမ ၂၉၆ သန်းဖြင့် အရှည် ၂ မိုင် ၂ ဖာလုံ၊ အကျယ် ၁၀ ပေ၊ထု ၆ လက်မရှိကွန်ကရစ်လမ်းသစ်ကို ခင်းပေးနိုင်ခဲ့သဖြင့် ယခုအခါ ပိုမိုသွားလာရလွယ်ကူသွားပြီး စီးပွားရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုလွယ်ကူချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# ကဏ္ဍအလိုက် စီးပွားရေးဆုရွေးချယ် ခံရသော အသင်းအဖွဲ့နှင့် လုပ်ငန်းရှင် များတွေ့ဆုံပွဲ တောင်ကြီးတွင်ကျင်းပ

**တောင်ကြီး မတ် ၃၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်ရွေးချယ်ရေးကော်မတီ စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ ကွင်းဆင်းစစ်ဆေးရေးအကဲဖြတ်အဖွဲ့(၃)က ရှမ်းပြည်နယ်အတွင်း ကဏ္ဍအလိုက် စီးပွားရေးဆိုင်ရာဆုရွေးချယ်ခံရသော အသင်းအဖွဲ့နှင့် လုပ်ငန်းရှင်များတွေ့ဆုံပွဲကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ တောင်ကြီးဟိုတယ်အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်ရွေးချယ်ရေးကော်မတီ စီးပွားရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ ကွင်းဆင်းစစ်ဆေးရေးအကဲဖြတ်အဖွဲ့(၃) အဖွဲ့ခေါင်းဆောင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းရှင်များအနေဖြင့်လည်း လက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းများကို ရှေ့ဆက်လုပ်ဆောင်ရင်း နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှနေ၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရန်၊ မြို့နယ်တိုးတက်ပြီး ပြည်နယ်အတွက်လည်း အထောက်အကူပြုသည့်အတွက် ဆက်လက်ကြိုးစားဆောင်ရွက်ပြီး ယှဉ်ပြိုင်သွားကြရန် အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ်စီးပွားရေးဆိုင်ရာ ဆုရွေးချယ်တင်ပြရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က ရှမ်းပြည်နယ်အတွင်း ကဏ္ဍအလိုက် စီးပွားရေးဆိုင်ရာဆုရွေးချယ်ခံရသော အသင်းအဖွဲ့နှင့် လုပ်ငန်းရှင်များကို ဝင်ရောက်ယှဉ်ပြိုင်ရသည့်အကြောင်းနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ် စီးပွားရေးဆိုင်ရာဆုရွေးချယ်တင်ပြရေးကော်မတီအတွင်းရေးမှူး ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ရွေးချယ်ထားသည့်ဆုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းတွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်အတွင်း ကဏ္ဍအလိုက် စီးပွားရေးဆိုင်ရာ ဆုရွေးချယ်ခံရသော အသင်းအဖွဲ့နှင့် လုပ်ငန်းရှင်များဖြစ်သော ပြည်နယ်သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ရည်ရွယ်ချက်နှင့် လုပ်ဆောင်နေသောလုပ်ငန်းများကို အသေးစိတ်ရှင်းလင်း၍လည်းကောင်း၊ တက်နေဝန်းစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်ကလည်း ပြည်သူလူထုအတွက် အလုပ်အကိုင်များရရှိရန်နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးများဆောင်ရွက်နေမှုများအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# နှစ် (၇၀)ပြည့် တပ်မတော်နေ့ ကိုဂုဏ်ပြုသောအားဖြင့် မိုင်းဆတ်မြို့နယ်တွင် ကတ္တရာလမ်းသစ်ဖွင့်

**မိုင်းဆတ် မတ် ၃၁**

နှစ် (၇၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဆိုက်ခေါင်ကျေးရွာတွင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင်သောင်းက ဆိုက်ခေါင်ကျေးရွာအတွင်း ကတ္တရာလမ်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကတ္တရာလမ်းသစ်ကို ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင်သောင်းနှင့် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်သောင်းတို့က ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

အဆိုပါကတ္တရာလမ်းသစ်သည် အကျယ် ၁၂ ပေ၊ အရှည်တစ်မိုင်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၉၂၆ သိန်းဖြင့် Power Earth ကုမ္ပဏီက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် (၁/၂၀၁၅)၊
## ၁၃၇၆ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
## (၂၀၁၅ခုနှစ်၊ ဧပြီလ ၁ရက်)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | လက်ထောက်ဆရာဝန် | (၂၀)နေရာ | ဆေးပညာဘွဲ့(M.B.,B.S) (၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။) |
| (ခ) | သွားဘက်ဆိုင်ရာဆရာဝန် | (၁)နေရာ | ဆေးပညာဘွဲ့(B.D.S) (၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလအထိဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။) |

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၃၁-၇-၂၀၁၅ရက်တွင် အသက်(၃၅)နှစ်အထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့(သို့မဟုတ်)တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၃၀-၄-၂၀၁၅ရက်အရောက် လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး(သို့မဟုတ်) တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ထံ ပေးပို့လျှောက်ထားရမည်။ တနင်္သာရီတိုင်းဒေသကြီးစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေးငွေ(၅၀၀/-)အား ထားဝယ်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ငွေစာရင်းအမှတ်(MD 021842)သို့ ပေးသွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ(၅၀၀/-)ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၃-၃-၂၀၁၄ရက်စွဲပါစာအမှတ်၊ ၂၂၁/ရွေး ချယ်ရေး(အခိက)/၂၀၁၄ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်း သူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ ရေးဖြေစာမေးပွဲကို တနင်္သာရီတိုင်းဒေသကြီးစာစစ်ဌာနတွင် ကျင်းပမည်။ ၁၆-၅-၂၀၁၅ရက်(စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတမျာကိုလည်းကောင်း၊ ၁၇-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၄-၅-၂၀၁၅ရက်မှစ၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ထုတ်ပေးမည်။

၈။ လက်ထောက်ဆရာဝန်/သွားဘက်ဆိုင်ရာ ဆရာဝန်ရာထူးအတွက် လျှောက်ထားသူဦးရေသည် လစ်လပ်ရာထူးနေရာအတွက်ထက် နည်းနေလျှင်ဖြစ်စေ၊ တူညီနေလျှင်ဖြစ်စေ၊ ပိုမိုသည့်တိုင်အောင် ကွာခြားချက်များပြားခြင်းမရှိလျှင်ဖြစ်စေ၊ ထိုရာထူးအတွက် ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းမပြုလုပ်ဘဲ လျှောက်ထားသူများကို အကြောင်းကြားခေါ်ယူကာ လူတွေ့စစ်ဆေးရွေးချယ်ခြင်း ဆောင်ရွက်ပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုခြင်းရှိပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(တယ်လီဖုန်းအမှတ် ၀၅၉-၂၃၅၆၅/၅၆၄)နှင့် တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့(တယ်လီဖုန်းအမှတ် ၀၅၉-၂၃၅၈၃/၅၈၄)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၀။ လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb. imis .com.mm နှင့် www.ucsb.gov.mmတွင်လည်း ဖော်ပြထားပါသည်။



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်ကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ်(၂၃၆)၊ မြေကွက်တည်နေရာအမှတ်(၅၅)၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဦးလှမောင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှမောင်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်ထင်[၁၂/သဃက(နိုင်)၁၃၇၅၆၂]၊ ဦးကျော် ဇင်[၁၂/သဃက(နိုင်)၀၉၅၃၄၆]၊ ဒေါ်စန်းငွေ[၁၂/ သဃက(နိုင်)၀၉၃၅၇၅]တို့က ပါမစ်မူရင်းတင်ပြ ၍ ဂရန်သစ်လျှောက်ထားလာရာ တင်ပြပါမစ် ပြည့်စုံမှုမရှိပါသဖြင့် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/ဘီ)၊ မြေကွက်အမှတ် (၃၇၆)၊ ဦးစိုးတင့်အမည်ပေါက်မြေကွက်၏ မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ယူခွင့်ပြုပါရန်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နုနုကြည်မှ အရပ်ကတိ အရောင်းအဝယ်စာချုပ်၊ မြေချပါမစ်၊ ငွေကျကြောင်းဘဏ်ထောက်ခံချက်စာရွက်စာတမ်းများ တင်ပြ၍ လျှောက်ထားလာပါသည်။ မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက မြေချပါမစ်မူရင်းသိမ်းယူ၍ မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

